# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လကွယ်နေ့ | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၀၄)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့် တရုတ် နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်သွားရေးအတွက် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား ယနေ့ ညနေ ၄ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် "အေးအတူ ပူအမျှ အသိုက်အဝန်း" ထူထောင်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ကို နိုင်ငံတော်အဆင့် ခရီးစဉ်များ စီစဉ်သည့်အခါ လက်မှတ်ရေးထိုးသွားနိုင်သည့် အခြေအနေ၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများနှင့် နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦ စီမံကိန်းများအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများကို

*စာမျက်နှာ ၄ ကော်လံ ၁* ❖


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** — ပြည်တွင်းသတင်း စာ ၈

**လူမှန်နေရာမှန်၊ နည်းမှန်လမ်းမှန်** — ဆောင်းပါး စာ ၆

**ရန်ကုန်မြို့ပတ်အနောက်ခြမ်း ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီး** — ပြည်တွင်းသတင်း စာ ၁၀



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အနာဂတ်ကမ္ဘာသည် ကလေးငယ်တို့ လက်ထဲမှာ

ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်အရဆိုလျှင် အသက် ၁၈ နှစ်မပြည့်သေးသည့် အရွယ်ကို ကလေးသူငယ်များ ဖြစ်သည်ဟူ၍ သတ်မှတ်ထား၏။

ပုံမှန်အားဖြင့်ဆိုပါက မွေးကင်းစက ၁ နှစ်အရွယ်ကို နို့စို့၊ ၁ နှစ်က ၃ နှစ်အတွင်းကို တောက်တောက်ပြေး၊ ၃ နှစ်က ၅ နှစ်ကို မူကြို၊ ၆ နှစ်က ၈ နှစ်ဆိုလျှင် ကျောင်းနေစ၊ ၉ နှစ်က ၁၁ နှစ်ကို ကလေးကြီး၊ ၁၂ နှစ်က ၁၄ နှစ်ဆိုပါက ဆယ်ကျော်သက်၊ ၁၅ နှစ်က ၁၇ နှစ်ကို ကြီးကောင်ဝင် စသည်ဖြင့် မြန်မာတို့က ယေဘုယျအားဖြင့် သတ်မှတ်ခေါ်ဝေါ်ကြလေ့ရှိသည်။ ၁၈ နှစ် ဆိုလျှင်မူ လူငယ်။ အရွယ်ရောက်ပြီ။

ကမ္ဘာကြီး၏ အနာဂတ်ကို အကောင်းဆုံးမျှော်လင့်နိုင်ဖို့ဆိုလျှင် ကလေးသူငယ်များနှင့် လူငယ်များကို အဓိကထားမှသာ ဖြစ်နိုင်၏။ အဓိကထားရမည်ဟုဆိုခြင်းမှာ ကလေးသူငယ်များနှင့် လူငယ်များကို အရေးပေးရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ငယ်ရွယ်သူများကို အရေးပေးသည်ဟု ဆိုရာတွင်လည်း ၎င်းတို့ကို ချိုးနှိမ်မှုနှင့် လောင်းရိပ်တို့ထံက အကာအကွယ်ပေးရန်၊ လွတ်လပ်စွာ ကြီးထွားဖွံ့ဖြိုးခွင့်ပေးရန်၊ လွတ်လပ်စွာ ကြီးထွားဖွံ့ဖြိုးနိုင်ရန် ရေလောင်း ပေါင်းသင်ခြင်း၊ နေ၊ ရေ၊ လေတို့ကို မျှတစွာရစေခြင်း၊ မြေဆီဩဇာနှင့် ပတ်ဝန်းကျင်ကို သင့်လျော်အောင် ပြုပြင်ပြင်ဆင်ပေးခြင်း၊ ပေါင်းသင်ပေးခြင်း စသည်တို့ဖြစ်ပါသည်။

အထက်တွင်ဆိုခဲ့သမျှသော ပတ်ဝန်းကျင်ကို ပြင်ဆင်ပေးမှု၊ မြေတောင်မြှောက်မှုအမျိုးမျိုးသည် လူကြီးတို့၏ တာဝန်ဖြစ်ပေသည်။ လူကြီးတို့သည် ကလေးသူငယ်တို့အတွက် ကောင်းမွန်သော အခြေအနေကောင်းနှင့် ပတ်ဝန်းကျင်ကို ပြင်ဆင်ပေးရန်ဖြစ်သည်ဟု ယူဆပါသည်။

အထူးသဖြင့်မူ ကလေးငယ်များ။ လူတို့သည် ၎င်းတို့၏ ဘဝတစ်လျှောက်လုံးကို ဖြတ်သန်းလျှောက်လှမ်းနိုင်ရန်အတွက် သိသင့်သိထိုက်သမျှ၊ နားလည်သင့်သမျှ အခြေခံအချက်အားလုံးလိုလိုကို ကလေးသူငယ်ဘဝတွင် သင်ယူခြင်းဖြစ်သည်။ ယဉ်ကျေးဖွယ်ရာသော လူမှုဆက်ဆံရေး၊ ဘဝကို ရင်ဆိုင်ရဲသည့် သတ္တိ၊ ထက်သန်မှု၊ ဖွဲ့လုံ့လ၊ ကိုယ်ကျင့်သီလ၊ တရားမျှတခြင်းကို လိုလားအားထုတ်မှု၊ ပတ်ဝန်းကျင်လောကနှင့် သဘာဝတရားကို မြတ်နိုးထိန်းသိမ်းလိုမှု၊ အနုပညာကို ခံစားနားလည်ချစ်ခင်မှု၊ လောကအကြောင်းနှင့် အမှန်တရားကို စူးစမ်းရှာဖွေချင်စိတ်၊ ကိုယ့်အားကိုယ်ကိုးမှု၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းရေးနှင့် အခြေခံကျန်းမာရေးပညာ အစရှိသည်တို့ကို ကလေးဘဝအရွယ် ငယ်စဉ်ကာလတွင် လေ့လာ၏၊ သင်ယူ၏၊ မှတ်သား၏။

ထိုသင်ကြားလေ့လာ မှတ်သားခဲ့သည်တို့ကို ကလေးဘဝကစတင်ကာ အရွယ်ရောက်လာသည်နှင့်အမျှ တိုးတက်ရင့်ကျက်လာအောင် ကိုယ့်ဘာသာ တဖြည်းဖြည်းချင်း တည်ဆောက်လာခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင် မူလတန်းပညာရေးစနစ်သည် လူတစ်ယောက်၏ ဘဝအတွက်သာမက လောက၏ အနာဂတ်အတွက်ပါ အရေးကြီးသည်ဟု ဆိုကြခြင်းဖြစ်သည်။ ကလေးငယ်များကို ဘာတွေ သင်ကြားပေးလိုက်မလဲ။ ဘာတွေ သိမြင်သွားစေချင်သလဲ။ ဘာတွေ ဆည်းပူးကျင့်ကြံ စောင့်ထိန်းသွားစေချင်သလဲ ဆိုသည်တို့ကို မူလတန်းပညာရေးစနစ်တွင် သင်ကြားဖြန့်ဝေ၏။

ကလေးသူငယ်တို့ကို ထိုထိုသော ပတ်ဝန်းကျင်အနေအထားနှင့် လေ့လာနိုင်ရေးကို ဖန်တီးပြင်ဆင်ပေးရုံမျှမက ပြင်ပပယောဂ အမျိုးမျိုးနှင့် မတရားပြု အခွင့်အရေးယူမှုတို့က ကာကွယ်ပေးရန်လည်း တာဝန်ရှိနေသည်။ သည်လိုကာကွယ်စောင့်ရှောက်သည်ဆိုရာတွင် တရားစီရင်ရေးစနစ်က ဥပဒေဖြင့် အကာအကွယ်ပေးရန်လိုအပ်သလို၊ အုပ်ချုပ်ရေး မဏ္ဍိုင်ကလည်း ထိထိရောက်ရောက်ဂရုစိုက်ထားရန် လိုပါသည်။ ထို့နည်းတူစွာ ဥပဒေပြုရေးမဏ္ဍိုင်ကလည်း နည်းပညာတိုးတက်လာမှုများ ခေတ်ပြောင်းလာမှုများနှင့် လျော်ညီသည့် ဥပဒေများကို ပြင်ဆင်ရန် ဖြည့်စွက်ရန်၊ တိုးမြှင့်ရန်စသည်ဖြင့် အလေးထားကြရန်လည်းလိုပါမည်။ စတုတ္ထမဏ္ဍိုင် မီဒီယာတို့ကလည်း ဝိုင်းဝန်းစောင့်ရှောက်ကြဖို့ လိုသည်သာ။

ထို့ထက်ပို၍ဆိုရလျှင် ကလေးသူငယ်များကို အနိုင်အထက်ပြုခြင်း၊ နှိပ်စက်ခြင်း၊ အဓမ္မမှုများပြုခြင်း၊ ခိုင်းစေခြင်း၊ ဥပဒေမဲ့ပြုကျင့်ခြင်း စသည်တို့ကို မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးကပါ အလေးအနက်သဘောထား၍ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြခြင်းဖြင့်သာ ငြိမ်းချမ်းသာယာလှပသော အနာဂတ်လောကကို မျှော်လင့်နိုင်ကြမည်ဟု ယုံကြည်သည့်အတိုင်း တင်ပြလိုက်ရပါသည်။ ။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- ❖ COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- ❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည် လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- ❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- ❖ အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- ❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

- ၀၉–၅၁၃၀၄၁၈
- ၀၉–၅၄၀၂၀၉၈
- ၀၉–၉၆၅၁၃၀၄၁၈
- www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ပြည်သူလူထု ကျန်းမာရေးအသိပညာ မြင့်မားလာသည်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ သိရှိရယူနိုင်မည်




**နေပြည်တော် ဇန်နဝါရီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲသည် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ကမ္ဘာ့ဘဏ်မှ ထောက်ပံ့သော Pandemic Emergency Facility (PEF) Grant ဖြင့် ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များမှ အခြေခံ ကျန်းမာရေးပညာရှင်များအတွက် ကျန်းမာရေးအသိပညာမြှင့်တင်ရေးလက်စွဲစာအုပ်ကို အသုံးပြု၍ Training of Trainers on Capacity Building of Basic Health Service Professionals on community engagement amid the COVID–19 pandemic အား Zoom ဖြင့် သင်တန်းပို့ချမည့် ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက ညွှန်ကြားရေးမှူးချုပ် ရုံးခန်းမှ Zoom ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြင့်မားလာသည်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများကို ပြည်သူလူထုက သိရှိပြီး ရယူနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထု သိရှိရယူလာနိုင်သည်နှင့်အမျှ ပြည်သူလူထု ပူးပေါင်းပါဝင်လာကာ ပြည်သူလူထုနှင့် ကျန်းမာရေးဝန်ထမ်းများ တစ်သားတည်း ဖြစ်သွားမည်ဖြစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေစဉ် ပြည်သူအားလုံး ကာကွယ်ရေးနည်းလမ်းများကို သိရှိနားလည်ပြီး ကာကွယ်ရေး အပြုအမူများကို လူတိုင်းက လိုက်နာမည်ဆိုပါက ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းလာမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်လာခြင်းက အရေးကြီးပြီး ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုကို မည်သို့ ပူးပေါင်းဆက်သွယ် ပြောဆိုမည်ဆိုသည့် နည်းလမ်းများ၊ ကျန်းမာရေး အသိပညာပေးသည့် နည်းစနစ်များကို သိရှိထားရန် အလွန်အရေးကြီးကြောင်း၊ သိရှိထားလျှင် ကာကွယ်ရေးလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းသင်တန်းများကို ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သောသင်တန်းမှာ ပထမအကြိမ်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ပြည်နယ်သင်ကြားရေးအဖွဲ့ဝင်များအား သင်တန်းပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ သင်တန်းဆရာများ၊ အငြိမ်းစား ကျွမ်းကျင်ပညာရှင်များနှင့် ဆေးတက္ကသိုလ် (တောင်ကြီး)၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ သင်တန်းဆရာများက ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

❍ *ရွှေဖုံးမှ*

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ယွမ် ၃ သန်းတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် မြန်မာပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံး ၃ သိန်း ကူညီပံ့ပိုးသွားရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုခရီးသွားနှစ် အကောင်အထည်ဖော်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသူ၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

**" တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ယွမ် ၃ သန်းတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် မြန်မာပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံး ၃ သိန်း ကူညီပံ့ပိုးသွားရေး ဆွေးနွေး "**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ တွေ့ဆုံ


**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့သည် ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ အပြုသဘော ကူညီသွားရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့် ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ မျက်နှာစာတွင် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးဟောက်ဒိုဆွမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ
အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မြန်မာပြည်သူများအတွက် တရုတ်နိုင်ငံက ထောက်ပံ့သွားရေး၊ မြန်မာ-တရုတ်ယဉ်ကျေးမှု ခရီးသွားလာရေးနှစ် အခမ်းအနားများကို ၂၀၂၁ ခုနှစ်တွင် ဆက်လက်ကျင်းပနိုင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လာမည့် အစိုးရသက်တမ်းတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ဆက်လက်အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်၍ အပြုသဘော ကူညီပံ့ပိုးပေးသွားရေးကိစ္စရပ်တို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိကလည်း တရုတ်နိုင်ငံ အကြီးအကဲများက မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းစကားပါးလိုက်ပါကြောင်း ပြောကြားသည်။

- မြန်မာ-တရုတ် "အေးအတူပူအမျှ အသိုက်အဝန်း" ထူထောင်နိုင်ရေး အတွက် လုပ်ငန်းစီမံချက်ကို လက်မှတ်ရေးထိုးသွားမည်
- ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မြန်မာပြည်သူများအတွက် တရုတ်နိုင်ငံက ထောက်ပံ့သွားမည်

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

ယခုခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချုပ်၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် ၅ နှစ် ဖွံ့ဖြိုးမှုအစီအစဉ်၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်း ဖြစ်နိုင်ခြေ လေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကျေးလက်လမ်းတံတား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ အစည်းအဝေးမှတ်တမ်းလွှာ၊ ကချင်ပြည်နယ် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် ငွေကြေးအထောက်အပံ့ ပေးအပ်ရေးစာလွှာနှင့် တရုတ်အတိုးမဲ့ ချေးငွေဖြင့် ဝယ်ယူသည့် လူစီးရထားတွဲများဆိုင်ရာ စာလွှာများကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

သတင်းစဉ်



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

❑ *ကျောဖုံးမှ*

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ခေါ်ယူကျင်းပပေးရမည်ဖြစ်ကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပထမပုံမှန် အစည်းအဝေးများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပပြုလုပ်ရန် ဖိတ်ကြားထားပြီး ဇန်နဝါရီ ၂၃ ရက်ထက်မစော ၂၄ ရက်ထက် နောက်မကျစေဘဲ နေပြည်တော်သို့ ရောက်ရှိသတင်းပို့ရန် လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူထားပါကြောင်း။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၌ စတင်ကျင်းပရန် လျာထားပါကြောင်း၊ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်တင်မြှောက်ခြင်း၊ လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းခြင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ခန့်အပ်တာဝန်ပေးခြင်းတို့နှင့်စပ်လျဉ်းပြီး အတည်ပြုခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူအားလုံးအတွက် အလွန်အရေးကြီးသောကိစ္စရပ်များဖြစ်ပါ၍ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေနှင့် လိုအပ်ချက်များကို အကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

## ပိုမိုသင့်လျော်ကောင်းမွန်သည့် လုပ်ငန်းအစီအမံများ

ဆက်လက်၍ ဗဟိုကော်မတီနာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခင်ဒုတိယအကြိမ် လွှတ်တော်အတွေ့အကြုံများအပေါ် မူတည်၍ ပိုမိုသင့်လျော်ကောင်းမွန်သည့် လုပ်ငန်းအစီအမံများဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်က တတိယအကြိမ် လွှတ်တော်ပထမပုံမှန်အစည်းအဝေးများ ကျင်းပချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## တာဝန်ရှိသူများ တက်ရောက်

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လွှတ်တော်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုအတွက် ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် တတိယအကြိမ် ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများအတွက် မြန်မာ့ရုပ်မြင်သံကြားက လွှတ်တော်ရုပ်သံလိုင်းများ ထုတ်လွှင့်နိုင်ရေးအတွက် ရိုက်ကူးမှု၊ ပေးပို့မှုနှင့် ထုတ်လွှင့်မှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ပစ္စည်းများတပ်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတို့ရှိ ရုပ်သံထိန်းချုပ်ခန်းများနှင့် သတင်းမီဒီယာများသတင်းရယူသည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



## ရှင်းလင်းတင်ပြ

ထိုသို့လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း လွှတ်တော်ရုပ်သံလိုင်းများ တိုက်ရိုက်ထုတ်လွှင့်နိုင်ရေးအတွက် ရိုက်ကူးမှု၊ ပေးပို့မှုနှင့် ထုတ်လွှင့်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ပစ္စည်းများတပ်ဆင်ထားရှိမှု၊ အသုံးပြုလျက်ရှိသည့် နည်းစနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ချို့ယွင်းမှုနှင့် အခက်အခဲများဖြစ်ပေါ်ပါက အရန်စနစ်ထားရှိဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် လွှတ်တော်ဝင်းအတွင်း Information and Communications Technology (ICT) ဌာနရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စက်မှုနှင့် သတင်းရိုက်ကူးထုတ်လုပ်သည့်အဖွဲ့များ၏ အခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

စမတ်ကျွန်း ရေပေါ်တံတား ဖွင့်ပွဲအခမ်းအနားကို အဆိုပါတံတားအနီးကမ်းခြေနှင့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဒုံးညောင်းမှိုင်းကျေးရွာတို့တွင် ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရေးဦးစွာ စမတ်ကျွန်း ရေပေါ်တံတားကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စမတ်ကျွန်း သဲတန်းကမ်းခြေမှ ကျောက်စရစ်ကမ်းခြေသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး ကျွန်းပေါ်တွင် ခရီးသွားဧည့်သည်များအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ Speed Boat များဖြင့် ဒုံးညောင်းမှိုင်းကျေးရွာသို့သွားရောက်၍ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း(Community Based Tourism-CBT) ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ကျေးရွာ CBT ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးက ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း(CBT)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာ CBT ဘဏ္ဍာရေးမှူး ဦးဖိုးဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် CBT အတွက် အလှူငွေများ လှူဒါန်းပေးသည့် အလှူရှင်အားတိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဒုံးညောင်းမှိုင်းကျေးရွာ( CBT )တွင် ခရီးသွားဧည့်သည်များအနေဖြင့် ဆလုံလူမျိုး၊ ကရင်လူမျိုး၊ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လူမှုဘဝနေထိုင်မှုပုံစံများကို လေ့လာနိုင်မည်ဖြစ်သည်။ ထို့အပြင် ကျွန်းပေါ်၌ စက်ဘီးစီးခြင်း၊ ကရွတ်လှေများလှော်ခတ်ပြီး ဒီရေတောများ လေ့လာခြင်း၊ အပျော်တမ်းငါးမျှားခြင်း၊ ငါးဖမ်းလှေနှင့်လိုက်ပါ၍ ငါးဖမ်းလုပ်ငန်းလေ့လာခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ၎င်းအပြင် ဒုံးညောင်းမှိုင်းကို အခြေပြု၍ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအကြားတွင် ရေပန်းစားနေသည့် စမတ်ကျွန်းနှင့် အခြားကျွန်းများသို့ ဒေသခံများ၏ မော်တော်ဘုတ်များ၊ Speed Boat များဖြင့် သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ပထမဦးဆုံး ကျွန်းကိုအခြေခံသည့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း CBT နှင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများသည့် စမတ်ကျွန်း ရေပေါ်တံတားတို့ကို ဖွင့်လှစ်ခဲ့ပြီဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး ( မြိတ် ပြန်/ဆက်)**

# ဖယ်ခုံမြို့နယ် ဟိုတိန်းငါးကုန်ထုတ်သမဝါယမအသင်းက ရေထွက်ကုန်ပစ္စည်းများ ရောင်းချဖြန့်ဖြူး

**ဖယ်ခုံ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်ရှိ ဟိုတိန်းငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်က တီလားပီးယားနှင့် ငါးလုံးငါးအမျိုးအစားပိဿာချိန် ၇၀ ကို တီလားပီးယား တစ်ပိဿာလျှင် ဒေသပေါက်ဈေး ငွေကျပ် ၃၀၀၀ ရှိသော်လည်း ငွေကျပ် ၂၂၀၀ နှုန်းဖြင့် လည်းကောင်း၊ ငါးလုံးတစ်ပိဿာလျှင် ဒေသပေါက်ဈေး ငွေကျပ် ၅၀၀၀ ရှိသော်လည်း ငွေကျပ် ၃၅၀၀ နှုန်းဖြင့် လည်းကောင်း ကိုဗစ်-၁၉ ကာလအတွင်း စားသုံးသူပြည်သူများ ရေထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးနှင့် ငါးထုတ်လုပ်သူများ၏ အခက်အခဲများအဆင်ပြေစေရေးအတွက် သမဝါယမ၏ No Profit, No Loss မူအတိုင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ထူးခြားသည့်ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် မင်းတပ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ဟားခါးမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# လူမှန်နေရာမှန်၊ နည်းမှန်လမ်းမှန်

**သိုက်စိုးထွန်း(နတ်ရှာ)**

**မကြာခင်မှာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ အသစ်ပြန်ရွေးတော့မှာပါ။ ဟိုအရင်က စိတ်မဝင်စားခဲ့ရင်ပဲဖြစ်ဖြစ်၊ စိတ်ဝင်စားခဲ့ရင်ပဲဖြစ်ဖြစ် ဒီအချိန်မှာတော့ ဒီကိစ္စကို စိတ်ဝင်စားစေချင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ နယ်မြေတစ်ခုအတွက် အုပ်ချုပ်ရေးမှူးက တကယ်အရေးပါပါတယ်။ လူမှန် နေရာမှန် ဖြစ်ဖို့လိုပါတယ်။ လူမှန် နေရာမှန် ဖြစ်နေရုံနဲ့လည်း မရသေးပါဘူး၊ နည်းမှန်လမ်းမှန်နဲ့ ဆောင်ရွက်နိုင်ဖို့လည်း လိုပါသေးတယ်။**

အုပ်ချုပ်ရေးမှူးရွေးတာများ အရင်လိုပဲ မဲပေးလိုက်ရင် ရပြီမဟုတ်ဘူးလားလို့ ပြောချင် ပြောပါလိမ့်မယ်။ မကြာသေးခင်ကမှ ပြင်လိုက်တဲ့ နည်းဥပဒေအရ အရင့်အရင်ရွေးကောက်ပွဲတွေနဲ့မတူတဲ့ အချက်လေးတွေ ရှိလာမှာပါ။

## ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်ခြင်း

ပထမဆုံးလုပ်ရမှာကတော့ ကြီးကြပ်ရေးအဖွဲ့ရွေးတဲ့ကိစ္စပါ။ ကြီးကြပ်ရေးအဖွဲ့ ရွေးဖို့အတွက် လက်ရှိအုပ်ချုပ်ရေးမှူးက တစ်အိမ်တစ်ယောက်ဖိတ်မှာပါ။ တစ်ပတ်ကြိုဖိတ်ပါလိမ့်မယ်။ ဒီနေရာမှာ အိမ်ထောင်စုဆိုတဲ့ စကားရပ်က လဝကရဲ့ အိမ်ထောင်စုစာရင်း ပုံစံ ၆၆/ ၆ ကို ဆိုလိုတာပါ။ ပြင်လိုက်တဲ့ နည်းဥပဒေအရ ရပ်/ကျေးရွေးကောက်ပွဲအတွက် တစ်အိမ်တစ်ယောက်လာတဲ့ ကိုယ်စားလှယ်က အရင်လို အားတဲ့လူ လာလို့မရတော့ပါဘူး။ ရွေးကောက်ပွဲလုပ်ငန်းစဉ် အစကနေ အဆုံးအထိ တစ်ယောက်တည်းကိုပဲ သတ်သတ်မှတ်မှတ်ရွေးထားပြီး အမည်စာရင်းပေးထားရမှာပါ။ အမည်စာရင်းကို သက်ဆိုင်ရာက မှတ်တမ်းတင်ထားမှာပါ။

ကြီးကြပ်ရေးအဖွဲ့ရွေးတုန်းမှာ မလာခဲ့ရင် မလာတဲ့အိမ်က ကန့်ကွက်ခွင့်မရှိပါဘူး။ ကြီးကြပ်ရေး အဖွဲ့ဝင်အတွက် အရည်အချင်းသတ်မှတ်ချက် ရှိလာပါပြီ။ ဒါကတော့ သက်ဆိုင်ရာနယ်မြေမှာ တစ်ဆက်တည်း ငါးနှစ်အနည်းဆုံး နေထိုင်သူဖြစ်ပြီး အများကြည်ညိုလေးစားတဲ့ ရပ်မိရပ်ဖ ဖြစ်ရမယ်ဆိုတဲ့အချက်ပါ။ ကျန်တဲ့အချက်က ငြင်းလို့ရပေမယ့် ငါးနှစ်ကိစ္စက ငြင်းချက်မထုတ်နိုင်တဲ့ကိစ္စပါ။ ကြီးကြပ်ရေးမှူးလုပ်မယ့်သူ များနေရင် တက်ရောက်လာသူတွေရဲ့ဆန္ဒကို မဲခွဲဆုံးဖြတ်မှာပါ။ ကျေးရွာခွဲ ငါးရွာရှိရင် ငါးယောက်ပေါ့။ ငါးရွာမဟုတ်လို့ သုံးလေးရွာဆိုရင်လည်း တတ်နိုင်သမျှ အချိုးကျပါအောင် ရွေးကြမှာပါ။ ပြီးရင် သူတို့ထဲကတစ်ယောက်ကို အချင်းချင်းရဲ့ဆန္ဒနဲ့ အဖွဲ့ခေါင်းဆောင် ရွေးပါမယ်။ ခေါင်းဆောင်ရွေးရာမှာ ကိုယ့်ကိုယ်ကိုယ် မဲပေးခွင့် မရှိပါဘူး။

ဒီနေရာမှာ ထူးခြားချက်တစ်ခု ရှိပြန်ပါတယ်။ အုပ်ချုပ်ရေးမှူးရွေးပြီးရင် ကြီးကြပ်ရေးအဖွဲ့ရဲ့ သက်တမ်းကုန်သွားပါပြီ။ နောက်ထပ် အုပ်ချုပ်ရေးမှူးတို့၊ ရာအိမ်မှူးတို့၊ ဆယ်အိမ်မှူးတို့ လစ်လပ်တာနဲ့ ကြီးကြပ်ရေးအဖွဲ့သစ်ပြန်ဖွဲ့ရမှာပါ။ ဒီနေရာမှာလည်း လစ်လပ်တာက ဆယ်အိမ်မှူးတစ်ယောက်၊ ကြီးကြပ်ရေးအဖွဲ့သစ်ဖွဲ့တော့ ကျေးရွာအုပ်စုတစ်အုပ်စုလုံးက အိမ်ထောင်စုကိုယ်စားလှယ်တွေ ပြန်စုပြီး ပြန်ဖွဲ့ကြရမလားဆိုတာ ထပ်စဉ်းစားစရာပါပဲ။ ဒါဆိုရင်တော့ ဆယ်အိမ်မှူးတစ်ယောက် ထွက်သွားတိုင်း အားလုံး အလုပ်များကုန်တော့မှာပါ။ ဒီတော့ သက်တမ်းပြည့်တာဝန်ထမ်းဆောင်ဖို့ စိတ်ပိုင်းဖြတ်မထားဘူးဆိုရင် အစကတည်းက ဒီတာဝန်ကိုငြင်းဖို့ တိုက်တွန်းကြရမှာပါ။ ဒီလိုမှမဟုတ်ရင် ခဏခဏ အလုပ်များကုန်ကြမှာမို့ပါ။

## ဆယ်အိမ်စု၊ ရာအိမ်စုအဖြစ် ဖွဲ့စည်း

ကြီးကြပ်ရေးအဖွဲ့ရွေးပြီးရင် သူတို့က ဆယ်အိမ်စု၊ ရာအိမ်စုတွေ ဖွဲ့ပါမယ်။ စုဖွဲ့တဲ့လုပ်ငန်းက အရေးကြီးပါတယ်။ အများအားဖြင့် ကိုယ်ဖြစ်စေချင်တဲ့သူ၊ ဒါမှမဟုတ် ကိုယ်မဖြစ်စေချင်တဲ့သူရဲ့ ဆယ်အိမ်စုကနေ စဖွဲ့ကြတာပါ။ ဖြစ်စေချင်တဲ့သူကို သူ့ရဲ့မဟာမိတ်တွေနဲ့တွဲပြီး စုဖွဲ့ပေးလိုက်တယ်။ မဖြစ်စေချင်တဲ့သူကို သူနဲ့မတည့်တဲ့ နှစ်အိမ်သုံးအိမ်လောက်ပါအောင် တွဲပြီးဖွဲ့ပေးလိုက်တယ်။ ဆယ်အိမ်မှူးမှ ဖြစ်မလာရင် ရာအိမ်မှူးတို့၊ အုပ်ချုပ်ရေးမှူးတို့ ဖြစ်လာစရာအကြောင်း မရှိတော့ဘူးလေ။ ဒီနည်းက ကြီးကြပ်ရေးအဖွဲ့အချို့သုံးတဲ့နည်းပါ။ ပစ်မှတ်ထားတဲ့ ဆယ်အိမ်စုကိုဖွဲ့ပြီးမှ ကျန်တာတွေကို နောက်ဆုတ်နောက်ဆုတ်ဖွဲ့လာလိုက်တာ။ အများအားဖြင့် အိမ်တွေကလေးကွက်ကျား ရိုက်တားတာ မဟုတ်တော့ ဘယ်လိုဖွဲ့ဖွဲ့ အဆင်ပြေနေတတ်တာပါ။ အခုနည်းဥပဒေသစ်မှာတော့ ဒီလိုလုပ်တာကို တတ်နိုင်သမျှ ကာကွယ်တဲ့အနေနဲ့ ဆယ်အိမ်စုဖွဲ့ရင် ဝဲမှယာ တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဖွဲ့ရမယ်လို့ သတ်မှတ်လိုက်ပါတယ်။ ရာအိမ်စုလည်း ထိုနည်းလည်းကောင်းပေါ့။ ဆယ်အိမ်စု၊ ရာအိမ်စုတွေဖွဲ့ထားတဲ့ အခြေအနေကိုလည်း ရပ်ရွာထဲမှာ ကြေညာထားမှာပါ။

ဖွဲ့ပြီးလို့ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးတွေရွေးမယ့်အချိန်ကို တစ်ပတ်လောက် ကြိုတင်ကြေညာပြီးရင် ရွေးချယ်ရေး လုပ်ငန်းစဉ်တွေအကြောင်းကို အိမ်ထောင်စုကိုယ်စားလှယ်တွေဖိတ်ပြီး ကြီးကြပ်ရေးအဖွဲ့က ရှင်းလင်းပြောပြမှာပါ။ ပြီးရင် မဲပေးရွေးကြမယ်ပေါ့။ ဆယ်အိမ်မှူး၊ ရာအိမ်မှူးကတော့ ရှင်းပါတယ်။ ဆယ်အိမ်မှူးကို သူ့သက်ဆိုင်ရာ ဆယ်အိမ်ရဲ့ အိမ်ထောင်စုကိုယ်စားလှယ်တွေက မဲပေးပြီး ရွေးပါတယ်။ ရာအိမ်မှူးလည်း ထိုနည်းလည်းကောင်း၊ အုပ်ချုပ်ရေးမှူးလည်း ထိုနည်းလည်းကောင်းပါပဲ။ ကျေးရွာတာဝန်ခံကျတော့ နည်းနည်းထူးပါတယ်။ သက်ဆိုင်ရာဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေကပဲ အချင်းချင်းရွေးတာပါ။ အိမ်ထောင်စုကိုယ်စားလှယ်တွေရဲ့မဲ မပါတော့ပါဘူး။ တစ်ခါတလေ ရာအိမ်မှူးက ရွာတာဝန်ခံမဖြစ်ဘဲ ဆယ်အိမ်မှူးက တာဝန်ခံဖြစ်ချင် ဖြစ်လာတတ်ပါတယ်။

> **“နည်းဥပဒေသစ်မှာ နောက်ထပ် ထူးခြားချက်လေးတွေလည်း ရှိပါတယ်။ အရင်တုန်းကတော့ အုပ်ချုပ်ရေးမှူးကိုပဲ အပြစ်ရှိရင် စုံစမ်းစစ်ဆေးပြီး နုတ်ထွက်ခွင့်ပြုတာတို့၊ တာဝန်က ရပ်စဲတာတို့ လုပ်လို့ရတာပါ။ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေ၊ ရွာတာဝန်ခံတွေအတွက် ပြဋ္ဌာန်းချက်လို နေခဲ့ပါတယ်။ အခုတော့ ပါလာပါပြီ”**

ပြီးခဲ့တဲ့အကြိမ်တုန်းက ကျေးရွာတာဝန်ခံကို တစ်ရွာတစ်အုပ်စုတွေမှာရော အုပ်ချုပ်ရေးမှူး ရှိနေတဲ့ရွာတွေမှာပါ ရွေးတဲ့မြို့နယ်တွေ တွေ့ရပါတယ်။ အခုတစ်ခါ ဒီလိုထပ်မမှားသင့်ပါဘူး။ ဒီလိုမှားနေတာကလည်း နည်းဥပဒေရဲ့ ရှေ့နောက်အစီအစဉ်တွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။ တကယ်တော့ အုပ်ချုပ်ရေးမှူး ရွေးပြီးချိန်ကျမှ ရွာတာဝန်ခံကို ရွေးသင့်တာပါ။ ဒီလိုမဟုတ်ဘဲ ရွာတာဝန်ခံကိုအရင်ရွေးပြီး အများပြည်သူကိုကြေညာရမယ်ဆိုတော့ ဘယ်ရွာက အုပ်ချုပ်ရေးမှူးဖြစ်မယ်ဆိုတာ ကြိုမသိနိုင်သေးတဲ့အတွက် အဆီအငေါ်မတည့် ဖြစ်ကုန်နိုင်ပါတယ်။ တစ်ရွာတည်းမှာ အုပ်ချုပ်ရေးမှူးရော၊ ရွာတာဝန်ခံရော ရှိမနေသင့်ပါဘူး။

## အုပ်ချုပ်ရေးမှူးအဖြစ် မဲပေးကြခြင်း

အုပ်ချုပ်ရေးမှူး ရွေးမယ့်အချိန်ကို ရောက်ပါပြီ။ နည်းဥပဒေသစ်မှာ အရင်နဲ့ကွာသွားတဲ့အချက်က ရာအိမ်မှူးတွေအနေနဲ့ ကိုယ်တိုင်ဖြစ်ဖြစ်၊ စာနဲ့ရေးပြီးတော့ဖြစ်ဖြစ် အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်လိုတဲ့ ဆန္ဒရှိတဲ့အကြောင်း မပြောရင် အုပ်ချုပ်ရေးမှူးလောင်းအမည်စာရင်းကနေ ချန်လှပ်ထားမှာပါ။ ဒီအချက်ကို ကြိုသိထားဖို့ လိုပါတယ်။

ရာအိမ်မှူးတစ်ယောက်ပဲရှိတဲ့ အုပ်စုပဲဖြစ်ဖြစ်၊ ရာအိမ်မှူးအများကြီးရှိပေမယ့် အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်လိုတဲ့သူ တစ်ယောက်ပဲရှိရင်ပဲဖြစ်ဖြစ် မဲဆက်ပေးစရာ မလိုတော့ပါဘူး။ သူ့ကိုပဲ အုပ်ချုပ်ရေးမှူး ခန့်ပေးဖို့ မြို့နယ်ကိုတင်ရမှာပါ။ တကယ်လို့ ဆန္ဒပြုသူ တစ်ယောက်ထက်ပိုနေရင်တော့ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ရွေးမယ်ဆိုတာကို တစ်ပတ်လောက် ကြိုကြေညာပြီး သတ်မှတ်အစီအစဉ်အတိုင်း အိမ်ထောင်စုကိုယ်စားလှယ်တွေက လျှို့ဝှက်မဲပေးပြီး ရွေးကြမှာပါ။

ဒီနေရာမှာ ထပ်ပြီးသတိပေးလိုတာကတော့ မဲပေးမယ့် အိမ်ထောင်စုကိုယ်စားလှယ် ပြောင်းလို့မရတဲ့ကိစ္စပါ။ ဆယ်အိမ်မှူးရွေးတော့ ဒီလူက မဲပေး၊ ရာအိမ်မှူးကျတော့ ဒီလူမအားလို့ နောက်တစ်ယောက်လာ၊ ဒီလိုမရပါဘူး။ ဒါက လက်ရှိနည်းဥပဒေအရပါ။ မဲပေးပြီးရင် ဘယ်သူက ဘယ်နှမဲရတယ်ဆိုတာကို အများသိအောင် ကပ်ပြီးကြေညာမှာပါ။ အများဆုံးနှစ်ယောက်က မဲတူနေရင် နောက်တစ်ကြိမ်ထပ်ပြီး မဲပေးရမှာပါ။ ရွေးချယ်ရေးမှာ အခက်အခဲတွေ၊ ပြဿနာတွေများလွန်းနေရင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့၊ နေပြည်တော်ကောင်စီတို့ကို တင်ပြပြီး လမ်းညွှန်မှုအတိုင်း ဆောင်ရွက်မှာပါ။

မဲအများဆုံးရတဲ့သူကို အုပ်ချုပ်ရေးမှူးအဖြစ်ခန့်ပေးဖို့ ကြီးကြပ်ရေးအဖွဲ့က မြို့နယ်အုပ်ချုပ်ရေးမှူးဆီ တင်ပြမှာပါ။ မဲများနေပေမယ့် သတ်မှတ်ထားတဲ့အရည်အချင်းတွေနဲ့ မပြည့်စုံရင် အုပ်ချုပ်ရေးမှူးအဖြစ် မခန့်ပါဘူး။ အရည်အချင်းပြည့်စုံသူကို အစကနေ ပြန်ရွေးရမှာပါ။ အရည်အချင်းတွေကတော့ (၁) နိုင်ငံသားမိဘနှစ်ပါးက မွေးတဲ့ နိုင်ငံသား ဖြစ်ရမယ်၊ (၂) အသက် ၂၅ နှစ်ပြည့်ရမယ်၊ (၃) သက်ဆိုင်ရာရပ်ရွာမှာ အနည်းဆုံး ၅ နှစ် တစ်ဆက်တည်း နေခဲ့တဲ့အပြင် တာဝန်ထမ်းဆောင်မယ့်ကာလမှာလည်း ဒီရပ်ရွာမှာပဲနေမယ့်သူဖြစ်ရမယ် (ဒေသခံဝန်ထမ်းအငြိမ်းစားဆိုရင်တော့ တစ်ဆက်တည်း ၂ နှစ်နေခဲ့ရင်လည်း စဉ်းစားပေးလို့ ရပါတယ်။)၊ (၄) ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူ ဖြစ်ရမယ်၊ (၅) ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူ ဖြစ်ရမယ်၊ (၆) နိုင်ငံတော်နဲ့ ရပ်ရွာဒေသအကျိုးကို စေတနာထက်သန်စွာနဲ့ တာဝန်ထမ်းဆောင်ဖို့ ဆန္ဒရှိသူ ဖြစ်ရမယ်၊ (၇) အတူနေမိသားစုဝင်တွေလည်း အကျင့်စာရိတ္တကောင်းရမယ်၊ (၈) နိုင်ငံ့ဝန်ထမ်း မဟုတ်ရဘူး၊ (၉) လက်နက်ကိုင်အဖွဲ့ဝင် မဟုတ်ရဘူး၊ မတရားအသင်းတွေမှာ ပါဝင်သူ၊ ဆက်သွယ်သူမဟုတ်ရပါဘူး။ ဒီ ၉ ချက်ပါပဲ။ တင်ပေးလိုက်တဲ့သူက အရည်အချင်းမပြည့်စုံလို့ အုပ်ချုပ်ရေးမှူးအဖြစ် မခန့်နိုင်ကြောင်း၊ ပြန်ရွေးပေးဖို့ အကြောင်းကြားတဲ့အခါ ကြီးကြပ်ရေးအဖွဲ့ဝင်တွေက ပြန်မရွေးနိုင်ကြောင်း ငြင်းနေရင် ကြီးကြပ်ရေးအဖွဲ့ကိုပါ ပြန်ရွေးရမှာပါ။

## ပိုကောင်းမွန်လာသော နည်းဥပဒေအသစ်

နည်းဥပဒေသစ်မှာ နောက်ထပ် ထူးခြားချက်လေးတွေလည်းရှိပါတယ်။ အရင်တုန်းကတော့ အုပ်ချုပ်ရေးမှူးကိုပဲ အပြစ်ရှိရင် စုံစမ်းစစ်ဆေးပြီး နုတ်ထွက်ခွင့်ပြုတာတို့၊ တာဝန်က ရပ်စဲတာတို့ လုပ်လို့ရတာပါ။ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေ၊ ရွာတာဝန်ခံတွေအတွက် ပြဋ္ဌာန်းချက်လိုနေခဲ့ပါတယ်။ အခုတော့ ပါလာပါပြီ။ အုပ်ချုပ်ရေးမှူးက နည်းလမ်းတကျ တာဝန်ပေးတာကို ငြင်းပယ်တာတို့၊ တာဝန်ပျက်ကွက်တာတို့လုပ်ရင် လုပ်တဲ့ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရွာတာဝန်ခံကို စုံစမ်းစစ်ဆေးပြီး နုတ်ထွက်ခွင့်ပြုတာတို့၊ တာဝန်ကရပ်စဲတာတို့ လုပ်လို့ရတဲ့အကြောင်း နည်းဥပဒေပြင်ဆင်ချက်မှာ ပါလာပါပြီ။ ဒါက ကောင်းတဲ့အချက်ပါ။ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူး စသည်အားဖြင့် တချို့ရပ်ရွာတွေမှာ အကြိတ်အနယ်ယှဉ်ပြိုင်ပြီး တက်လာကြတာမို့ တကယ်အလုပ်လုပ်ရမယ့်အချိန်ကျတော့ ကိုယ့်ပြိုင်ဘက်က အုပ်ချုပ်ရေးမှူးဖြစ်သွားတဲ့အခါ ကိုယ့်ပြိုင်ဘက်ရဲ့ ဩဇာကိုမခံလိုဘဲ သပိတ်မှောက်နေတာတွေ အများကြီး ရှိပါတယ်။ ဒီအနေအထားအတွက် လိုအပ်တဲ့ပြင်ဆင်ချက်ကို ဆောင်ရွက်လိုက်တာဖြစ်ပါတယ်။

လက်ရှိနည်းဥပဒေက အရင်နည်းဥပဒေထက်စာရင်တော့ အတော်ကို ကောင်းမွန်လာပြီလို့ ဆိုရမှာပါ။ လိုအပ်ချက်ဆိုတာကတော့ ရှိနေဦးမှာပါပဲ။ ဥပမာအားဖြင့် အိမ်ထောင်စုစာရင်း ပုံစံ ၆၆/ ၆ ရှိတဲ့အိမ်ကပဲ မဲပေးခွင့်ရှိတယ်ဆိုရင် အိမ်ထောင်စုမခွဲရသေးတဲ့ အိမ်ထောင်ခွဲမိသားစုတွေအတွက် မဲပေးခွင့် အခွင့်အရေး ဆုံးရှုံးသွားနိုင်ပါတယ်။ သူ့ထက်မြင့်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာတောင် မဲပေးခွင့်ရပြီး ရပ်/ကျေးရွေးပွဲကျမှ မဲပေးခွင့်ဆုံးရှုံးတယ်ဆိုပြီး ကန့်ကွက်မှုတွေလည်း ရှိလာနိုင်ပါတယ်။ နောက်တစ်ချက်ကတော့ ရွေးချယ်ရေးလုပ်ငန်းစဉ်အစအဆုံးမှာ အိမ်ထောင်စုကိုယ်စားလှယ် တစ်ဦးတည်းကိုပဲ အမည်စာရင်းပေးထားပြီး သူကပဲအဆင့်ဆင့်လာရောက် ဆောင်ရွက်ရမယ့်အချက်ပါ။ အလုပ်ကိစ္စကြောင့်ပဲဖြစ်ဖြစ်၊ ကျန်းမာရေးကိစ္စကြောင့်ပဲဖြစ်ဖြစ် မလာရောက်နိုင်တာတွေ ရှိနိုင်ပါတယ်။ ဒီအချိန်ကျရင် သူ့အိမ်ထောင်စုကို မဲပေးခွင့်မပြုဘဲထားလိုက်မလား၊ ဒါမှမဟုတ် အမျိုးသား မအားရင် အမျိုးသမီး၊ အဖေ မအားရင် သား၊ တစ်ယောက်ယောက်ကို အိမ်ထောင်ဦးစီးရဲ့ ကိုယ်စားလှယ်လွှဲစာနဲ့ မဲပေးခွင့်ပြုမလားဆိုတာကို ဆက်စဉ်းစားစရာ ရှိနေပါတယ်။ ဒီကိစ္စအတွက်ကတော့ လိုအပ်တဲ့ ညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်လိုက်ရင် အဆင်ပြေနိုင်ပါတယ်။

## လူမှန် နေရာမှန် ဖြစ်ကြဖို့

ကျေးရွာတာဝန်ခံရွေးပြီးမှ အုပ်ချုပ်ရေးမှူးရွေးတဲ့လုပ်ငန်းစဉ်ကလည်း ရှေ့နောက်လွဲနေသလို ဖြစ်နေပါတယ်။ အုပ်ချုပ်ရေးမှူး ရွေးပြီးချိန်မှသာ ဘယ်ရွာက ဘယ်သူအုပ်ချုပ်ရေးမှူး ဖြစ်လာတယ်ဆိုတာ သိရပြီး သူ့ရွာမဟုတ်တဲ့ တခြားရွာတွေမှာသာ ရွာတာဝန်ခံရွေးမယ်ဆိုရင် ပိုပြီးအဆင်ပြေနိုင်ပါတယ်။ ပြီးတော့ ရွာတာဝန်ခံကို ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေထဲက ရွေးတာထက် ရာအိမ်မှူးမရှိတဲ့ အိမ်နှစ်ဆယ်၊ သုံးဆယ်ရွာလေးတွေမှာသာ ဆယ်အိမ်မှူးတွေထဲက တစ်ယောက်ယောက်ကို ရွာတာဝန်ခံအဖြစ် ရွေးပြီး ရာအိမ်မှူးတစ်ယောက်ပဲရှိရင် သူ့ကိုပဲ ရွာတာဝန်ခံအဖြစ် ထားတာမျိုး၊ နှစ်ယောက်သုံးယောက်ရှိရင် အဲဒီရာအိမ်မှူးတွေထဲက တစ်ယောက်ကိုပဲ အများဆန္ဒနဲ့ ကျေးရွာတာဝန်ခံအဖြစ် ရွေးတာမျိုးက ပိုပြီး သင့်လျော်လိမ့်မယ်လို့ ယူဆပါတယ်။ ရာအိမ်မှူးဆိုတာက အိမ်တစ်ရာ၊ လူတစ်ရာရဲ့ဆန္ဒနဲ့ ရာအိမ်မှူးဖြစ်လာတာပါ။ ရွာတာဝန်ခံကျတော့ ရာအိမ်မှူး၊ ဆယ်အိမ်မှူး ဆယ်ယောက်လောက်၊ အယောက်နှစ်ဆယ်လောက်ရဲ့မဲနဲ့ ရွေးရတာမို့ တစ်ခါတလေ ရာအိမ်မှူးကိုကျော်ပြီး ဆယ်အိမ်မှူးက ရွာတာဝန်ခံ ဖြစ်သွားတတ်ပါတယ်။ နောင် ဥပဒေ၊ နည်းဥပဒေပြင်ဆင်တဲ့အခါ ဒါလေးတစ်ချက်တော့ ပြန်သုံးသပ်သင့်တယ်လို့ ယူဆပါတယ်။

နောက်တစ်ချက်ကတော့ ကုန်ကျစရိတ်ကိစ္စပါ။ ရပ်/ ကျေး ရွေးတဲ့ကိစ္စက တစ်ရပ်လုံး၊ တစ်ရွာလုံး၊ တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် လုပ်ရတဲ့ကိစ္စမို့ ကုန်ကျစရိတ်တွေ ရှိပါတယ်။ အထူးသဖြင့် ကိုဗစ်- ၁၉ ကပ်ရောဂါကာလမှာ ကျင်းပတဲ့ပွဲမို့ ကပ်ရောဂါကာကွယ်ရေး ပစ္စည်းတွေ လိုမှာပါ။ နှာခေါင်းစည်းတို့၊ မျက်နှာအကာတို့၊ လက်အိတ်တို့လိုမှာပါ။ ဖြစ်နိုင်ရင်တော့ မဲလာပေးတဲ့သူတွေကို ဒီပစ္စည်းတွေပေးနိုင်ရင် အကောင်းဆုံးပါပဲ။ ဒီအတွက် တစ်နည်းတစ်ဖုံ စဉ်းစားပေးသင့်ပါတယ်။ လူသုံးဆယ် မစုဝေးရတဲ့အမိန့်ကိုလည်း ရပ်/ ကျေး ရွေးပွဲအတွက် ခြွင်းချက်ပြုတဲ့အမိန့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ပေးသင့်ပါတယ်။ ဒါမှသာ စိတ်ချလက်ချ ဆောင်ရွက်နိုင်မှာပါ။

အရင်နှစ်တွေလို မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေး၊ ဥပဒေပညာပေးမှုတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့ အခက်အခဲရှိတာမို့ စာနယ်ဇင်းတွေ၊ ရုပ်သံလိုင်းတွေကနေ ပညာပေးအစီအစဉ်တွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါတယ်။

ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ တင်ပြစရာတွေ အများကြီးရှိတဲ့အထဲက အရေးကြီးတဲ့ အချက်အလက်တချို့ကို ထုတ်နုတ်တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

လူမှန် နေရာမှန်ဖြစ်စေဖို့ နည်းမှန်လမ်းမှန်နဲ့ ရွေးချယ်ကြပါစို့။ ။

# တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အဋ္ဌမအကြိမ်အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

**တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီ ခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)




**ထိရောက်စွာအကောင်အထည်ဖော်**

အစည်းအဝေး၌ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများကို တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော အကြံဉာဏ်များ ရယူနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်သည့် အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့၏ မဟာဗျူဟာစီမံကိန်း ရေးဆွဲချမှတ်နိုင်ရန် "တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံ" ကို ၂၀၁၈ ခုနှစ် မတ်လ ၇ ရက်နေ့နှင့် ၈ ရက်နေ့တို့တွင် ကျင်းပခဲ့ပါကြောင်း၊ ယင်းညီလာခံ ပါဝင်တက်ရောက်သူများ၏ အကြံပြုချက်များနှင့်အညီ "ပြည်သူ့အတွက် တရားမျှတမှု" (၂၀၁၉-၂၀၂၃)မဟာဗျူဟာ စီမံကိန်းကို ရေးဆွဲခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပေးခဲ့ပါကြောင်း၊ ယင်းမဟာဗျူဟာစီမံကိန်းတွင် တရားမျှတမှုကဏ္ဍ ပေါင်းစပ်ညှိနှိုင်းမှု၊ အများပြည်သူ ယုံကြည်မှု၊ တရားမျှတမှုဆိုင်ရာ အသိပညာပေးခြင်း၊ တရားမျှတမှုကဏ္ဍ အစီအမံများ တိုးတက်စေရန် ဆောင်ရွက်ခြင်း စသည့် ပန်းတိုင် ၄ ရပ် ချမှတ်ခဲ့ပါကြောင်း၊ စီမံကိန်းပါ လုပ်ငန်းစဉ်များဖြစ်သည့် အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများကို ထုတ်ဝေခြင်း၊ အဖွဲ့နှင့် အဖွဲ့ခွဲများ၏ ပုံမှန်အစည်းအဝေးများကို ကျင်းပခြင်း၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် အဖွဲ့ခွဲများပူးပေါင်းပြီး လူထုတွေ့ဆုံဆွေးနွေးပွဲများနှင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**စီမံကိန်းပါလုပ်ငန်းစဉ်များ**

စီမံကိန်းပါကျန်ရှိသည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းစံ လုပ်ထုံးလုပ်နည်းများတွင် တိုင်ကြားစာများ လက်ခံဆောင်ရွက်ခြင်း၊ အခင်းဖြစ်ပွားရာဒေသသို့ ကွင်းဆင်းလေ့လာ စိစစ်ခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အသိပညာပေးရေး ဆောင်ရွက်ခြင်း၊ အစည်းအဝေး ကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းရေးဆွဲခဲ့ပါကြောင်း၊ သို့ပါ၍ အဖွဲ့ခွဲများအနေဖြင့် စံလုပ်ထုံးလုပ်နည်းများနှင့် အညီ မှန်မှန်ကန်ကန် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ပါက အများပြည်သူအတွက် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လက်လှမ်းမီရေးကို ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲများအား ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းခွင့်ပြုထားသည်နှင့်အညီ အဖွဲ့ဝင်အားလုံး ပူးပေါင်းဆောင်ရွက် စေလိုပါကြောင်းနှင့် အလားတူ အစိုးရဌာန အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများက ၎င်းတို့ ဆောင်ရွက်လျက်ရှိသည့် အသိပညာပေးလုပ်ငန်းများ၊ တိုင်ကြားစာများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမှုများကို ဆွေးနွေးတင်ပြသည်။

အစည်းအဝေးကို ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများ၏ အဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (နေပြည်တော်)နှင့် ဗလသိဒ္ဓိရပ်ကွက်ရှိ အမှုထမ်းအိမ်ရာအသစ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့ရေနံဓာတု ဗေဒလုပ်ငန်း၊ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်(နေပြည်တော်) နှင့် ဗလသိဒ္ဓိရပ်ကွက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ခြောက်ခန်းတွဲ လေးထပ်အမှုထမ်းအိမ်ရာအသစ် တိုက်အမှတ် (၂၃၁၁၇) တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)



ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင် (နေပြည်တော်) သို့ ရောက်ရှိရာ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ကုန်ထုတ်)နှင့် တာဝန်ရှိသူများက ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (နေပြည်တော်) တည်ဆောက်ထားရှိမှု၊ သိုလှောင်/ ဖြန့်ဖြူးမှုများနှင့် CSR အစီအစဉ်အရ မိတ္ထီလာမြို့နယ် အတွင်းရှိ ကျေးရွာများသို့ ရေနံဓာတ်ငွေ့ရည် ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းသည် နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သဖြင့် အကျိုးအမြတ်ရရှိစေရန် စီးပွားရေး တွက်ခြေကိုက်မှုရှိသည့် လုပ်ငန်းများ သုံးသပ်ဆောင်ရွက်ရေး၊ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များ၏ စီမံခန့်ခွဲမှုနှင့် ဖွဲ့စည်းပုံ စနစ်တကျရှိစေရေး၊ မြေယာပိုင်ဆိုင်မှု ခိုင်မာပြီးပြတ်အောင် ဆောင်ရွက်ရေး၊ ဘေးကင်းလုံခြုံ၍ ပိုမိုမြန်ဆန်ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ရေနံဓာတ်ငွေ့ရည်အိုးများကို ထိုက်သင့်သည့် ဈေးနှုန်းဖြင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူအသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရေးနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) ကို ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးမြင့်လာရေးအတွက် စက်ပြုပြင်ထိန်းသိမ်းမှု၊ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရန် နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ရေး၊ စက်ရုံစက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ရရှိရေး မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၂၃၁၁၇၊ ခြောက်ခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ အသစ်သို့ ရောက်ရှိရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် အင်ဂျင်နီယာချုပ် (ဆောက်လုပ်ရေး) တို့က ဝန်ထမ်းများ၏ နေထိုင်ရေး အခက်အခဲရှိသည့်အတွက် အမှုထမ်းမိသားစုများအား နေရာချထားပေးနိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင် တည်ဆောက်ခဲ့ပါကြောင်းနှင့် အိမ်ထောင်စု ၂၄ စု အား နေရာချထားပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက အိမ်ရာများ တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အညီဖြစ်ရေး၊ အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စေရေး၊ စိမ်းလန်းသာယာလှပစေရေးအတွက် အရိပ်ရသစ်ပင်များ စိုက်ပျိုးရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံမှု အထူးဂရုပြု ဆောင်ရွက်ရေး တို့ကို မှာကြားခဲ့ပြီး အိမ်ရာကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မျိုးစေ့ထုတ်သမဝါယမအသင်းများမှ ထွက်ရှိသော မျိုးသီးနှံများ တောင်သူများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စပါး၊ ပဲမျိုးစုံနှင့် သီးနှံမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို သမဝါယမနည်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ယခုအခါတွင် မျိုးစေ့ထုတ်သမဝါယမအသင်း ၁၈၁ သင်း ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုး ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းကောင်းမွန်သော ပျိုးသက်ငယ်ကောက်ကွက်ကြဲစိုက်စနစ်၊ စပါးအစွမ်းဖွင့်စိုက်စနစ် (System of Rice Intensification-SRI) တို့ဖြင့် မျိုးစေ့ထုတ်သမဝါယမအသင်းများက စိုက်ဧက ၁၃၃၇၁ ဒသမ ၁၈ ဧက စိုက်ပျိုးခဲ့ရာ မျိုးသီးနှံ ၅၆၅၂၅၇ တင်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။ ထွက်ရှိလာသည့် မျိုးကောင်းမျိုးသန့်များကို မြို့နယ်သမဝါယမ အသင်းစုများမှတစ်ဆင့် သမဝါယမ အသင်းဆိုင်များတွင် အပ်ကုန်စနစ်ဖြင့်ထားရှိ၍ ယင်းအသင်းဆိုင်များမှတစ်ဆင့် တောင်သူလယ်သမားများ လက်ဝယ်အရောက် ယနေ့အထိ မျိုးသီးနှံ တင်း ၃၆၆၉၅၇ ဒသမ ၅၀ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် အသင်းများအတွက် လိုအပ်သော စိုက်ပျိုးစရိတ်အရင်းအနှီးများကို အသင်းပိုင်ငွေကျပ် ၁၉၃ ဒသမ ၀၈၇ သန်း၊ EXIM Bank ပံ့ပိုးချေး ငွေကျပ် သန်း ၁၃၉၃ ဒသမ ၉၅၀ နှင့် CERP ထောက်ပံ့ငွေကျပ် ၅၄၉ ဒသမ ၆၀၂ သန်း စုစုပေါင်း ပံ့ပိုးချေးငွေကျပ် ၂၁၃၆ ဒသမ ၆၃၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး သမဝါယမကဏ္ဍမှ ရေထွက်ကုန်ပစ္စည်းများ ကူညီရောင်းချဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်း ဦးစီးဌာနတို့ ချိတ်ဆက်၍ ကိုဗစ်-၁၉ ကာလအတွင်း ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၏ အခက်အခဲများ အဆင်ပြေစေရေးနှင့် စားသုံးသူပြည်သူများ လွယ်လင့်တကူ ဝယ်ယူ စားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်၊ ညောင်တုန်း၊ ဟင်္သာတ၊ မအူပင်၊ အိမ်မဲ၊ ဇလွန်နှင့် အင်္ဂပူမြို့နယ်ရှိ သမဝါယမအသင်းစုများမှ ငါးမြစ်ချင်းပိဿာချိန် ၂၅၆၀၊ ငါးကြင်းပိဿာချိန် ၁၃၀၊ ငါးခေါင်းပွပိဿာချိန် ၁၂၀၊ ငါးမုတ်ပိဿာချိန် ၇၀၀ နှင့် ပင်လယ်ငါးမျိုးစုံ ၄၅၅ ပိဿာချိန်၊ စုစုပေါင်း ငါး ၃၉၆၅ ပိဿာချိန်ကို No Profit, No Loss သမဝါယမမူ အတိုင်း ဒေသပေါက်ဈေးထက် ထက်ဝက်နီးပါး သက်သာသော နှုန်းထားဖြင့် ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် ဇန်နဝါရီ ၁၁** - ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ- ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုင်းနောင်ကျေးရွာနေ ရှမ်းကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁-၂၀၂၁ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မိုင်းနောင်ကျေးရွာနေ ရှမ်းကြီး (ခ) စိုင်းခမ်းလောင်(၄၅)နှစ်၊ (ဘ) ဦးအောင်တင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ (ပ) ၁/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘုံချောင်းကျေးရွာနေ အောင်ထွန်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁-၂၀၂၁ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ဘုံချောင်း ကျေးရွာလမ်းမပေါ်၌ မြို့ဟောင်းကျေးရွာနေ အောင်ချင်းလွင် (ခ)ချင်းပေါ်(၄၄)နှစ်၊(ဘ)ဦးဘရွှေမောင်းနှင်ပြီး ဘုံချောင်းကျေးရွာနေ အောင်ထွန်းနိုင် (၃၇) နှစ်၊ (ဘ) ဦးအိုက်ဆယ် တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းမား) မယ(ပ)၁/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ငှက်ပျောတောကျေးရွာနေ အုန်းမြိုင်သည် မူးယစ်ဆေးဝါးလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁-၂၀၂၁ ရက်နေ့တွင် ဗန်းမော်မြို့နယ်၊ ငှက်ပျောတော- သဖန်းပင်ကျေးရွာသွားလမ်းမပေါ်၌ ငှက်ပျောတောကျေးရွာနေ အုန်းမြိုင် (၅၃)နှစ်၊ (ဘ)ဦးနက်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဗန်းမော်) မယ(ပ)၂/၂၀၂၁၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁-၂၀၂၁ ရက်နေ့တွင် မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မဟာစည်ဘုန်းကြီးကျောင်းလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ခန့်ခိုင်ဝင်းထွဋ် (ခ) ကိုထွဋ်(၂၀)နှစ်၊ (ဘ) ဦးမောင်သောင်းနှင့် အမှတ်(၃)ရပ်ကွက်နေ ဇာပန်း(ခ)ကိုဖြိုး(၂၈)နှစ်၊ (ဘ) ဦးကျော်စိုးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြဝတီ) မယ(ပ) ၁/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်နေ ထွဋ်ခေါင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါ ရပ်ကွက်နေ ထွဋ်ခေါင် (၃၈) နှစ်၊ (ဘ) ဦးကံထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ)၂၁၀/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာနေ လှအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာနေ လှအောင် (၄၀) နှစ်၊ (ဘ) ဦးလှဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မိုင်းကိုင်း) မယ(ပ)၇၇/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ထိန်တောကျေးရွာနေ မောင်ချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁-၂၀၂၁ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ထိန်တောကျေးရွာနှင့် စပါးတဲကျေးရွာသွားလမ်းမပေါ်၌ ထိန်တောကျေးရွာနေ မောင်ချို(ခ)ချိုလေး (၅၈) နှစ်၊ (ဘ) ဦးကျော်သောင်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သဖန်းဆိပ်)မယ(ပ) ၁/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးသူပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၂၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၆)ဦး၊ မ(၄)ဦး၊ ပေါင်း (၃၀) ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြား အကြေမှုန့်များ၊ ICE များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br><br>၃-၁-၂၀၂၁ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ အောင်မင်းထွေး(ခ)အလူး(၂၀)နှစ်၊ (ဘ) ဦးထွန်းတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ပိတောက်ရွှေဝါရပ်ကွက်နေ သူရအောင်(ခ)ကရင် (၁၉) နှစ်၊ (ဘ)ဦးအောင်စိုးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၃/ ၂၀၂၁၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သပြေပင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၅) မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၄) ဦး၊ မ (၁) ဦး၊ ပေါင်း (၅) ဦးတို့အား ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br><br>၂၉-၁၂-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ သပြေပင်ကျေးရွာနေ မြင့်သိန်း(၅၁)နှစ်၊ (ဘ) ဦးကျော်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ချစ်ဖြိုးဝေ(၂၄) နှစ်၊ (ဘ)ဦးသိန်းဇော်နှင့် မစံပယ်(၄၀)နှစ်၊ (ဘ)ဦးတင်ရှိန်တို့(၃)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရမည်းသင်း)မယ (ပ)၄၀/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉ (က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁-၂၀၂၁ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ မင်းကြီးရန်နောင်လမ်းနှင့် (၅၂/စီ) လမ်းထောင့်၌ ပုသိမ်ကြီး မြို့နယ်၊ သဲကုန်းကျေးရွာနေ ဇော်ထက်ဝေ (၂၀) နှစ်၊ (ဘ) ဦးစန်းဝေနှင့် အစ်ကိုဖြစ်သူ ဇော်ဝင်းနိုင် (၃၈) နှစ်တို့ (၂) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပြည်ကြီးတံခွန်)မယ(ပ)၇/၂၀၂၁၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၂၉) မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၅၀)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br><br>၂၇-၁၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ် တံခွန်တိုင်သွားကားလမ်းမပေါ်၌ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်နေ သူရိန်ဝင်း (၂၅) နှစ်၊ (ဘ) ဦးရွှေရ မောင်းနှင်ပြီး သီရိမင်္ဂလာရပ်ကွက်နေ ဟိန်းမင်းစိုး (၂၁)နှစ်၊ (ဘ) ဦးစောအောင်တို့ (၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်)မယ(ပ)၆၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက် အပိုင်နယ်မြေများအတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူအများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၂-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ သရက်ချောင်းလမ်းမပေါ်၌ ဒိုင်းဝန်ကွင်းရပ်ကွက်နေ ပိုင်ဉာဏ်(ခ)ပိုင်ပိုင်(၂၆)နှစ်၊ (ဘ) ဦးထွန်းလှိုင်အား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဒိုင်းဝန်ကွင်း) မယ(ပ)၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ အလားတူ ၄-၁-၂၀၂၁ ရက်နေ့တွင် ၎င်းရပ်ကွက်၊ ဓမ္မစာရီလမ်းမပေါ်၌ လှိုင်ရပ်ကွက်နေ စောပြည့်စုံအောင်(ခ)ကာဘွန်(၂၁)နှစ်၊ (ဘ) ဦးအောင်ကျော်သူ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဇေယျာသီရိ) မယ(ပ)၂/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ) ရပ်ကွက်နေ ဝါဆိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဇ) ရပ်ကွက်နေ ဇော်မျိုးထွန်း (ခ) ဝါဆို (၂၁) နှစ်၊ (ဘ) ဦးမြဝင်းသန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ) မယ(ပ)၉၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အမှတ်(၅၁) ရပ်ကွက်နေ အဘွားကြီးနှင့် ၎င်း၏သမီးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁-၂၀၂၁ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၅၁) ရပ်ကွက်နေ ဒေါ်မျိုးမြင့်(ခ) အဘွားကြီး (၄၂)နှစ်၊ (ဘ) ဦးသိုက်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ ကျော်ဝင်းထွန်း (ခ) ကုလား (၃၂)နှစ်၊ (ဘ) ဦးလှမြင့်၊ ဒေါ်မျိုးမြင့်၏ (ယခင် အိမ်ထောင်ဖြင့်ရသူ) သမီးဖြစ်သူ မဝေဝေနှင်း (၁၇) နှစ်၊ (ဘ) ဦးဇေယျ၊ သားမက်ဖြစ်သူ ဉာဏ်မျိုးထွန်း (ခ) အငယ်ကောင် (၂၀)နှစ်၊ (ဘ) ဦးမောင်ချိုနှင့် ချွေးမဖြစ်သူ မယမင်းသူဇာနွယ် (၁၇) နှစ်၊ (ဘ) ဦးမောင်မောင်လွင်တို့(၅)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်) ၁/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထား ရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ်(၅၆) ရပ်ကွက်နေ အာကြီးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၂-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၀) ရပ်ကွက်၊ မောင်းမကန်ကားလမ်းမပေါ်၌ ၎င်းမြို့နယ်၊ အမှတ် (၅၆) ရပ်ကွက်နေ ချမ်းငြိမ်းအောင် (ခ) အာကြီး (၃၇)နှစ်၊ (ဘ) ဦးအောင်ကြွယ်ခိုင် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ တေဇာအောင် (၂၇) နှစ်၊ (ဘ) ဦးမောင်စိုးတို့ (၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံတောင်) မယ(ပ)၉၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၉ သို့*

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားသုံးဆူပြုပြင်ထိန်းသိမ်းခြင်းစီမံကိန်း အစီရင်ခံစာတင်သွင်းခြင်း အခမ်းအနားကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၁**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ဘုရား (၃) ဆူ (ဘုရားအမှတ်၊ ၄၇၇၊ ၄၇၈ နှင့် ၄၇၉) တို့ ပြုပြင်ထိန်းသိမ်းခြင်း စီမံကိန်းအစီရင်ခံစာတင်သွင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဆန်ဟွာ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ Korea Cultural Heritage Foundation မှ ညွှန်ကြားရေးမှူး Mr. Kim Dong Min နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၁၆ ခုနှစ် ပုဂံဒေသတွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ရှေးဟောင်းအဆောက်အအုံများစွာ ထိခိုက်ပျက်စီးခဲ့ရပါကြောင်း၊ ရှည်လျားသော အမျိုးသားရေးလက္ခဏာ သမိုင်းကြောင်းနှင့် မြင့်မားထင်ရှားသော ယဉ်ကျေးမှုအမွေအနှစ်တို့ တည်ရှိရာ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌တည်ရှိနေသည့် ရှေးမြန်မာတို့၏ ယဉ်ကျေးမှု အမွေအနှစ်များသည် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတု ပြောင်းလဲမှုဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

### ပူးပေါင်းဆောင်ရွက်မှုတစ်ခု

သဘာဝဘေးအန္တရာယ်ကြောင့် ပုဂံဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးမှုမှ လျှော့ချနိုင်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ KCHF မှ နည်းပညာဆိုင်ရာ ပစ္စည်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ကူညီထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထိခိုက်ပျက်စီးမှုများ အနက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားသုံးဆူနှင့် နံရံဆေးရေးပန်းချီ ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းကို ကိုရီးယားနိုင်ငံ Korea Cultural Heritage Foundation (KCHF) မှ ပညာရှင်အဖွဲ့သည် ၂၀၁၈ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဘုရားသုံးဆူ နံရံပန်းချီ ထိန်းသိမ်းရေးစီမံကိန်း ဒုတိယအဆင့် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်လည်း သဘောတူခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု စီမံကိန်းသည် မြန်မာ–ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အထောက်အပံ့ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ဘုရားသုံးဆူ နံရံပန်းချီ ထိန်းသိမ်းရေးစီမံကိန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုတစ်ခု ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုရီးယားနိုင်ငံ Korea Cultural Heritage Foundation (KCHF) မှ ညွှန်ကြားရေးမှူးက ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပထမလုပ်ငန်းစဉ်ဖြစ်သည့် ဘုရားသုံးဆူ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က နှစ်နိုင်ငံချစ်ကြည်ရေးယဉ်ကျေးမှုဖလှယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းပြပွဲများတွင် ပါဝင်ဆောင်ရွက်မှုများ၊ နည်းပညာသင်တန်းပို့ချမှုများ၊ မြန်မာ – ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လက်စွဲစာအုပ် (၄) မျိုးဖြစ်သည့် Conservation manual , Structural Conservation manual, Mural Painting Conservation manual, GPR (Ground Penetration Radar) manual များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ထားသည့် ပုဂံရှေးဟောင်းသုတေသန ပြတိုက်ရှိ ပြတိုက်ခေတ်ခွဲခန်းနှင့် ရှေးဟောင်းပစ္စည်း သိုလှောင်ခန်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ကမ္ပည်းကျောက်စာ ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပရာ ကိုရီးယားရိုးရာ သီချင်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သောပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက Arirang ကိုရီးယားရိုးရာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က မြန်မာ – ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့် ဘုရားသုံးဆူ ကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးခဲ့ကြပြီး ဘုရားသုံးဆူဘုရား ပြုပြင်ထိန်းသိမ်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကိုရီးယား Korea Cultural Heritage Foundation (KCHF) ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Cultural Heritage Foundation တို့ ပူးပေါင်း၍ ပုဂံဒေသရှိ (ဘုရားအမှတ်၊ ၄၇၇ ၊ ၄၇၈ ၊ ၄၇၉) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်းအစီအစဉ်တွင် ဘုရား(၃)ဆူ၏ အဆောက်အအုံဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်း၊ နံရံပန်းချီ ပြုပြင်ထိန်းသိမ်းခြင်း၊ အထွေထွေ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရှေးဟောင်းသုတေသန ထိန်းသိမ်းရေးနည်းစနစ်များကို ဌာနမှဝန်ထမ်းငယ်များအား လေ့ကျင့်သင်ကြားပေးခြင်း အစီအစဉ်များ ပါဝင်သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု ပထမအဆင့်သည် ၂၀၂၁ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ဒုတိယအဆင့်ကို ၂၀၂၁ မှ ၂၀၂၅ ခုနှစ်အထိ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးမြို့နယ် ကြူချောင်းရွာသစ်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်းတူးဖော်



**မကွေး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာအုပ်စု ကြူချောင်းရွာသစ်ကျေးရွာ၌ သောက်သုံးရေ ရရှိရေး ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် အဝီစိစက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းကို နိုဝင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကြူချောင်းရွာသစ် ကျေးရွာသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ယခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၆ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၈၀၀ ခန့်ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း ပြီးစီး၍ တွင်းဆေးလေမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ရှိသည့် လုပ်ငန်းများကို ယခုနှစ်နွေရာသီအမီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

အဆိုပါ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၉၇ ၊ လူဦး ရေ ၃၈၃ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

*စာမျက်နှာ ၈ မှ*

| | | |
|---|---|---|
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်နေ ကျော်ဖြိုးဝေ၊ သုံးသုံး၊ ဘောကြီးနှင့် စန်းစန်းဦးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆–၁–၂၀၂၁ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်နေ ကျော်ဖြိုးဝေ(၂၇)နှစ်၊ (ဘ)ဦးသိန်းဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီဖြစ်သူ မြတ်သူ(ခ)သုံးသုံး(၂၂)နှစ်၊ (ဘ) ဦးသိန်းဦးတို့ (၂) ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မရမ်းကုန်း) မယ(ပ)၁/၂၀၂၁၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်နေ မစန်းစန်းဦး(၃၄) နှစ်၊ (ဘ) ဦးသိန်းဦး၏ ထမင်းဆိုင်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အစ်မဖြစ်သူ မလဲ့ရည်ဝင်း(ခ)မရည်ဝင်း(၃၈)နှစ်၊ (ဘ) ဦးသိန်းဦး၊ မလဲ့ရည်ဝင်း၏ခင်ပွန်းဖြစ်သူ အောင်ထွန်း(ခ) ဘောကြီး(၂၆)နှစ်၊ (ဘ) ဦးမောင်လေး၊ မစန်းစန်းဦး၏ မတ်တော်စပ်သူ မြင့်မြတ်ထွန်း(၁၉) နှစ်၊ (ဘ) ဦးတင်မောင်ထွန်းနှင့် တစ်ရပ်ကွက်တည်းနေ မအေးအေးမာ (၂၉)နှစ်၊ (ဘ) ဦးတင်ဝင်းတို့ (၅)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မရမ်းကုန်း)မယ (ပ)၂/၂၀၂၁၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၉)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၃၆) ဦး၊ မ(၂) ဦး၊ ပေါင်း (၃၈) ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့် အတူဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၅–၁–၂၀၂၁ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ ဒေါ်မာလာမြင့်(၄၁)နှစ်၊ (ဘ) ဦးလှမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ (ပ)၃/၂၀၂၁၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆–၆–၂၀၁၈ ရက်နေ့မှ ၉–၁–၂၀၂၁ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၄၉၈) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၉၀၈) ဦး၊ မ (၃၈၅) ဦး၊ ပေါင်း(၂၂၉၃) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၁၁၃၉.၁၈၁၄)ဂရမ် ၊ ICE (၁၄၉၀.၉၂) ဂရမ်၊ ဘိန်း (၄၈၃၅၄.၆၃၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၄၁၈.၉၆) ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၉၃.၄၀) ဂရမ်၊ ဘိန်းစာရွက် (၅၅၈၅၉၇.၃၂) ဂရမ်၊ ဘိန်းစာရည် (၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၇၀၄၃၀၀) ပြား၊ ဆေးခြောက် (၁၅၅၈၉.၁၉) ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ (၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၆၀.၁၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၃၀) လက် ၊ ကျည်မျိုးစုံ (၆၉၈)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်–

**ဆက်သွယ်ရန်–**

**အော်တိုတယ်လီဖုန်းနံပါတ်** – ဝ၆၇–၅၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** – ဝ၆၇–၅၉၀၂၃၃
**အီးမေးလ်လိပ်စာ** – antinarcotics@presidentoffice.gov.mm

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ COVID-19 ကာကွယ်ဆေး ဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ် (OA 013733) သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲအားလုံးတို့တွင် ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) နိုင်ငံပိုင်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော စာရင်းများမှ စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) Mobile Banking / Mobile Wallet မှ လှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider / ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card) များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ၊ ချိတ်ဆက်ထားသော Over-the-Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကို လွယ်ကူလုံခြုံစွာ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေစာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေ လုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းများမှတစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code - MYEBMMMY ကို အသုံးပြု၍ Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟု ဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှုမရှိပါက အောက်ပါ မြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ်ဘဏ်များမှတစ်ဆင့် ဘဏ်အချင်းချင်း ချိတ်ဆက်ငွေလွှဲပို့နိုင်ပါသည် -

| | |
|---|---|
| UOB Bank (Singapore) | OCBC Bank (Singapore) |
| DBS Bank (Singapore) | May Bank (Singapore/ Kuala Lumpur) |
| Sumitomo Mitsui Banking Corp (Tokyo) | Bank of Tokyo Mitsubishi UFJ (Tokyo) |
| Mizuho Bank (Tokyo) | Bangkok Bank (Bangkok) |
| Siam Commercial Bank (Bangkok) | Krung Thai Bank (Bangkok) |
| Thanachart Bank (Bangkok) | ICBC Bank (China) |
| OCBC Wing Hang Bank (Shanghai) | China Construction Bank (China) |
| Sonali Bank (Bangladesh) | AB Bank (Bangladesh) |

၃။ အလှူရှင်စာရင်းကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက e-mail - treasury05@365mopfi.gov.mm, treasury10@365mopfi.gov.mm (သို့မဟုတ်) Viber - 09-251182042, 09-420788851 တစ်ခုခုသို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၄။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လူကိုယ်တိုင် လာရောက်လှူဒါန်းခြင်းနှင့် ပြည်တွင်းမှ Virtual အစီအစဉ်တို့ဖြင့် လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| - ဒေါ်စီစီပြုံး<br>ညွှန်ကြားရေးမှူးချုပ်၊<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇-၃၄၁၀၁၅၆<br>၀၉-၄၅၀၄၅၅၂၃၇<br><br>- ဒေါ်ရီရီခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇-၃၄၁၀၁၅၈<br>၀၉-၂၅၄၅၅၈၄၂၄ | - ဦးမင်းသူ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>၀၁-၈၃၉၁၃၄၂<br>၀၁-၈၃၉၁၀၇၂ | - ဦးထွန်းထွန်းအောင်<br>ညွှန်ကြားရေးမှူး၊<br>ပြည်တွင်းအခွန်များ<br>ဦးစီးဌာန<br>၀၂-၄၀၃၅၉၁၆ |

၅။ COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများသည် ဝင်ငွေခွန်ဥပဒေနှင့်အညီ အခွန်ဆိုင်ရာ သက်သာခွင့်များ ခံစားခွင့်ရရှိပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# ရန်ကုန်မြို့ပတ်အနောက်ခြမ်း ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာ့မီးရထားမှ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အနောက်ခြမ်းနှင့် အရှေ့ခြမ်းဟူ၍ နှစ်ပိုင်းခွဲခြားပြီးဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ပတ်အနောက်ခြမ်းရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးစီးပြီဖြစ်၍ **(ယာပုံ)** အစုန်၊ အဆန်ရထားများ ပုံမှန်အတိုင်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။


"အခုဆိုရင် ရထားလမ်းတွေ ကောင်းလာတော့ ကျွန်တော်တို့ ရထားတွေအနေနဲ့ အရှိန်တင်လို့ရတာပေ့ါ။ အရင်လမ်းပိုင်းတွေက သိပ်မကောင်းဘူး။ အခုတော့ တစ်နာရီကို ၆၀ ကီလိုမီတာနှုန်းနဲ့ စမ်းကြည့်တော့ အဆင်ပြေတယ်။ လမ်းကောင်း တဲ့အတွက် ခရီးသည်တွေလည်း သက်သောင့်သက်သာ စီးလို့ရမယ်။ ရထားမြန်လာမှာဖြစ်တဲ့အတွက် သွားရတဲ့အချိန် တိုသွားမှာပါ" ဟု မြန်မာ့မီးရထား တိုင်းအမှတ် (၇) လက်ထောက်အထွေထွေမန်နေဂျာ (သွားလာရေး/တိုင်း) ဦးဇော်လွင်က ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း (အနောက်ခြမ်း)အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အေဝမ်းကုမ္ပဏီက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အပိုင်း သုံးပိုင်းခွဲ၍ စတင်ဆောင်ရွက်ခဲ့ရာ တညင်းကုန်း-အင်းစိန် ၃ ဒသမ ၇၅ မိုင်၊ အင်းစိန်-ကြည့်မြင်တိုင် ၅ ဒသမ ၅ မိုင်နှင့် ကြည့်မြင်တိုင်-ဘုရားလမ်း သုံးမိုင်တို့ပါဝင်ကာ စုစုပေါင်း ၁၂ ဒသမ ၂၅ မိုင် ဖြစ်ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ခဲ့ပြီးနောက် ယနေ့ နံနက်ပိုင်းတွင် ပြုပြင်ရန် နောက်ဆုံးကျန်ရှိနေသော ကြည့်မြင်တိုင်-ဘုရားလမ်း (အတွင်းလမ်းပိုင်း) ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် အေဝမ်းကုမ္ပဏီနှင့် ဆောင်ရွက်ခဲ့သော ရန်ကုန်မြို့ပတ် အနောက်ခြမ်းရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်အရှေ့ခြမ်းရထားလမ်းကို ရွှေတောင်ကုမ္ပဏီက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစတင်ကာ တညင်းကုန်း - ပုရွက်ဆိတ်ကုန်း ၇ ဒသမ ၅ မိုင်နှင့် ပုရွက်ဆိတ်ကုန်း - ပုဇွန်တောင် ၈ ဒသမ ၅ မိုင်ကို အပိုင်းနှစ်ပိုင်းခွဲ၍ စုစုပေါင်း ၁၅ ဒသမ ၇၅ မိုင်ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၇ နာရီတွင် ရေကူး-တာမွေ (အပြင်လမ်း)ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် တညင်းကုန်းဘူတာမှ တာမွေဘူတာအထိ အစုန်၊ အဆန် (အတွင်းလမ်း/ အပြင်လမ်း)လမ်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တာမွေ-ပုဇွန်တောင်လမ်းပိုင်းတွင် အပြင်လမ်းမှာ ပြုပြင်ထားပြီးဖြစ်ကာ အတွင်းလမ်းပိုင်းမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်သည့် တာမွေ-ပုဇွန်တောင် အတွင်းလမ်းပိုင်းကို ဇန်နဝါရီလကုန်တွင် ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားဆဲကာလဖြစ်သည့်အတွက် မြို့ပတ်ရထားပြေးဆွဲမှုများအနေဖြင့် ရန်ကုန်- မင်္ဂလာဒုံ၊ ရန်ကုန်- တညင်းကုန်း၊ ရန်ကုန်-ရွာသာကြီး လမ်းပိုင်းများတွင် ရထားတွဲဆိုင်း သုံးဆိုင်းဖြင့် မနက်ပိုင်းနှင့် ညနေပိုင်း ရုံးချိန်ရထားများကိုသာ ပြေးဆွဲပေးလျက်ရှိပြီး တစ်ရက်လျှင် ရုံးဖွင့်ရက်များ၌ ပျမ်းမျှခရီးသည် ၃၇၀၀ နှင့် ရုံးပိတ်ရက်များတွင် ၃၁၀၀ ခန့် စီးနင်းလိုက်ပါလျက်ရှိကြောင်း သိရသည်။



**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - လင်းညွန့်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အထွေထွေမန်နေဂျာ ဦးစိုးပိုင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ဌာနဆိုင်ရာ အကြီးအကဲရာထူးနှင့် လုပ်ပိုင်ခွင့် အာဏာကိုအသုံးချပြီး ကိုယ်ကျိုးအတွက် စီးပွားရှာ၍ မမှန်မကန်ဆောင်ရွက် နေမှုများကြောင့် အဂတိလိုက်စားမှုပပျောက်ရေးအတွက် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အထွေထွေ မန်နေဂျာ ဦးစိုးပိုင်သည် လေကြောင်းလမ်းညွှန်ထိန်းသိမ်းမှု စစ်ဆေးရေး ဌာနခွဲ၏ ညွှန်ကြားရေးမှူးရာထူးနှင့် လေကြောင်းပျံသန်းမှုလမ်းညွှန် ထိန်းသိမ်းရေးဌာနခွဲ၏ အထွေထွေမန်နေဂျာ ရာထူးတာဝန်များကို တာဝန် ထမ်းဆောင်စဉ်အတွင်း လုပ်ပိုင်ခွင့်အာဏာကိုအသုံးပြု၍ ကိုယ်ပိုင်စီးပွားရေး အသွင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပ Agent (operator) များထံမှ လေကြောင်း ဖြတ်ကျော်ပျံသန်းခွင့်ပါမစ် အမြန်ရရှိအောင် ဆောင်ရွက်ခအနေဖြင့် permit နံပါတ်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၁၀၀, ၆၀, ၄၀ စသဖြင့် ပေးရန် ဦးစိုးပိုင် အမည်ဖြင့် ဖွင့်ထားသည့် email ကို အသုံးပြု၍ အကြောင်း ကြားခဲ့ပြီး ပြည်ပ Agent (operator) ၁၂ ခုတို့က အလီလီပေးပို့သည့် အမြန်ဆောင်ရွက်ခအပါအဝင် အမေရိကန်ဒေါ်လာ ၇၂၀၆၆ ဒေါ်လာကို ဦးစိုးပိုင် အမည်ဖြင့် ဖွင့်လှစ်ထားသည့် ပြည်ပနိုင်ငံရှိ Bank အကောင့်သို့ ပေးသွင်းစေခဲ့ခြင်းနှင့် ငွေကြေးများ လက်ခံရယူခဲ့ခြင်းတို့သည် ရာထူး တာဝန်ကိုအလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကို ကျူးလွန်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးစိုးပိုင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့ဆလုံကျွန်းအနီး ငါးသယ်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွား

**ကော့သောင်း ဇန်နဝါရီ ၁၁**



ကော့သောင်းမြို့ အက်ဒမန်ပင်လယ် ဆလုံကျွန်းအနီး ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီခွဲက ငါးသယ်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့မှ အချိန်မီ ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အဆိုပါနေ့က လှေဦးစီး ဦးဇော်မင်းထွန်း (၄၀ နှစ်) မောင်းနှင်ကာ လှေလုပ်သားခြောက်ဦးဖြင့် ကျော်ဇေယျာ-၅၅ အမည်ရှိ သစ်သားခွံ ငါးသယ်လှေသည် ကော့သောင်းမြို့မှ ရေခဲများတင်ဆောင်ကာ ထွက်ခွာလာရာ ကော့သောင်းမြို့ အနောက်ဘက် အက်ဒမန်ပင်လယ် ဆလုံကျွန်းအနီးအရောက်တွင် လှိုင်းလေပြင်းထန်ကာ ရေထဲတွင်မြုပ်နေသည့် ကျောက်ဆောင်ကိုတိုက်မိသဖြင့် ရေဝင်နစ်မြုပ်ခြင်းဖြစ်ရာ ပင်လယ်အတွင်းကင်းလှည့် လျက်ရှိသည့် ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့ ရဲအုပ် အောင်ဇော်မျိုး ဦးဆောင်သည့် ရဲရေယာဉ် ရဲမန်အောင် ၃၃၄ နှင့် ရဲအုပ် ဇော်ဝင်းအောင် ဦးဆောင်သည့် ရဲရေယာဉ် အမှတ် ၀၁၆ ရေယာဉ်နှစ်စင်းဖြင့် အချိန်မီ သွားရောက် ကူညီကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

လှေနစ်မြုပ်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ လှေပေါ်ပါ ပစ္စည်းတချို့ ပျက်စီးဆုံးရှုံးခဲ့ရပြီး လှေလုပ်သားများအားလုံးကို အသက်အန္တရာယ် ဖြစ်ပေါ်မှုမရှိဘဲ ကူညီကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## (၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဗိုဗီနမ်အားကစား ပဏာမလူရွေးချယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ဗိုဗီနမ် အားကစားအဖွဲ့ချုပ်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ပဏာမလူရွေးချယ်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"လောလောဆယ်တော့ ကစားသမားလေးတွေကို လေ့ကျင့်ခိုင်းတာတော့ ရှိတယ်။ လူရွေးချယ်ပွဲအတွက် ပြင်ဆင်နေပါတယ်။ ဖေဖော်ဝါရီလကျရင်တော့ ပဏာမ လူရွေးချယ်ပွဲကို အရင်လုပ်ပါမယ်။ ကိုဗစ်စည်းမျဉ်းစည်းကမ်းတွေနဲ့ အညီ လူတွေအများကြီး မစုနိုင်တဲ့အခါကျတော့ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ တော့ လောလောဆယ် လေ့ကျင့်နေပါတယ်" ဟု မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်ခင်လေးမွန်က ပြောသည်။

ပြီးခဲ့သည့် အကြိမ်(၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် မပါဝင်ခဲ့သည့် ဗိုဗီနမ်အားကစားနည်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပသွားမည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ပြန်လည်ပါဝင်လာပြီးနောက် မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်အနေဖြင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေး ကြိုးပမ်း ပြင်ဆင်သွားမည်ဖြစ်သည်။

အဆိုပါ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် အားကစားနည်းပေါင်း ၄၀ ခန့် ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဘောလုံး၊ ဘိလိယက်နှင့် စနူကာ၊ မြားပစ်၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ အလေးမ၊ ကာယဗလ၊ ဂျူဒို၊ လှေလှော်၊ ဗိုဗီနမ်၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို၊ သေနတ်ပစ်၊ ပီတန်း၊ ကရာတေး၊ လက်ဝှေ့၊ စစ်တုရင်၊ ဘော်လီဘော စသည့် အားကစားအဖွဲ့ ၁၈ ဖွဲ့အား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ရွေးချယ်ထားကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**အာကာစိုး**

## ရန်ကုန်ယူနိုက်တက်အသင်း ပြည်တွင်း ပြည်ပ ကစားသမားသစ်များ စတင်ခေါ်ယူ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက် အသင်းသည် ၂၀၂၁ ရာသီအတွက် ကစားသမား သစ်များ စတင်ခေါ်ယူနေပြီဖြစ်ပြီး ပြည်တွင်း ကစားသမားသစ်သုံးဦးနှင့် နိုင်ငံခြားကစားသမား တစ်ဦး ခေါ်ယူအားဖြည့်ခဲ့သည်။

ရန်ကုန်အသင်းသည် လာမည့်ရာသီတွင် အောင်မြင်မှုရယူနိုင်ရန်အတွက် လိုအပ်သည့်နေရာ များအတွက် အင်အားဖြည့်တင်းမှုများ ပြုလုပ်နေခြင်း ဖြစ်ပြီး ခေါ်ယူခဲ့သည့် ကစားသမားလေးဦးတွင် ကစားသမားဟောင်းနှစ်ဦး ပြန်လည်ပါဝင်လာသည်။ ရန်ကုန်အသင်းသည် ပြည်တွင်းကစားသမားများ အဖြစ် ရှောဝတီအသင်းနှင့် စာချုပ်ကုန်ဆုံးခဲ့သည့် ယူ-၂၂ လက်ရွေးစင်တိုက်စစ်မှူး ဝင်းနိုင်ထွန်း၊ နောက်ခံလူ ဇော်ဝင်းနှင့် ဖွဲ့ကပင်နောက်ခံလူ ကျော်ဖြိုးဝေတို့ကို ခေါ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဝင်းနိုင်ထွန်းကို သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ကာ ကျန်ကစားသမားနှစ်ဦးကိုမူ နှစ်နှစ် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဝင်းနိုင်ထွန်းသည် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်း များတွင် တောက်လျှောက်ရွေးချယ်ခံခဲ့ရ၍ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ကြေးတံဆိပ်ဆုရ မြန်မာ ယူ-၂၂ အသင်းတွင် ပါဝင်ခဲ့သည်။ ဝင်းနိုင်ထွန်းသည် ရတနာပုံနှင့် ရှောဝတီအသင်းတို့တွင် ကစားပြီး နောက် ရန်ကုန်အသင်းသို့ ပြောင်းရွှေ့လာသူ ဖြစ်သည်။ ဇော်ဝင်းမှာမူ ရန်ကုန်အသင်းတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ပါဝင်ကစားခဲ့ရာ ၂၀၁၆ ရာသီမှ ၂၀၂၀ ရာသီအထိ ချင်းယူနိုက်တက်၊ ရခိုင်နှင့် ရှောဝတီအသင်းတို့တွင် ပါဝင်ကစားကာ အသင်း ဟောင်းသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ကျော်ဖြိုးဝေမှာမူ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)မှ ထွက်ပေါ်လာသူဖြစ်သဖြင့် လူငယ် လက်ရွေးစင်အသင်းများတွင် ရွေးချယ်ခံခဲ့ရသော ကြောင့် ၂၀၁၈ ရာသီမှစတင်ကာ ဖွဲ့ကပင်အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

ရန်ကုန်အသင်းသည် ပထမဆုံးပြည်ပကစား သမားခေါ်ယူမှုအဖြစ် ဘရာဇီးကွင်းလယ်ကစား သမား အီမာဆင်ကို တစ်ရာသီစာချုပ်ဖြင့် ပြန်လည် ခေါ်ယူခဲ့သည်။ အီမာဆင်သည် ရန်ကုန်အသင်းသို့ တတိယမြောက်အဖြစ် ပြန်လည်ကစားခြင်းဖြစ်ပြီး ၂၀၁၄ မှ ၂၀၁၅ ရာသီအထိ ပထမအကြိမ်၊ ၂၀၁၇ ရာသီတွင် ဒုတိယအကြိမ် ကစားခဲ့သည်။ အီမာဆင် သည် ပြီးခဲ့သည့်ရာသီတွင် ဖွဲ့ကပင်အသင်းတွင် ပါဝင်ကစားခဲ့ကြောင်း သိရသည်။

**ညီမြတ်သော်တာ**



ညီမင်းသူ(ခ)အောင်လေး(ခ) အစန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွ ရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

## အုတ်တွင်း၊ တာမွေနှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တောင်ငူခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၃ နာရီခွဲက အုတ်တွင်းမြို့ ကြက်သွန်ခင်း (၂) ရပ်ကွက် အုတ်တွင်း-ပေါက်ခေါင်း ကားလမ်း မိုင်တိုင်အမှတ် ၁၂၂/၂ နှင့် ၁၂၂/၃ ကြားတွင် အောင်သော်သော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် (၁၄၄) လမ်းထောင့်တွင် ညီမင်းသူ (ခ)အောင်လေး(ခ) အစန်းအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၀ ကို လည်းကောင်း။

အလားတူ ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ ကောင်းမူးတုံ ရပ်ကွက် ကောင်းမူလွယ်ရပ်ရှိ စိုင်းအိုက်ကျော် (ခ) အိုက်ကျော်၏ နေအိမ်သို့ ဝင်ရောက် ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

◆ *ကျောဖုံးမှ*

၁၇ ပွဲ ကစားပြီးသည်အထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ခြင်းမရှိ သေးဘဲ ရမှတ်နှစ်မှတ်သာ ရရှိထားသေးသည့် အသင်းဖြစ်သည်။

နောက်ဆုံးခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့် နယူးကာဆယ်အသင်း အနေဖြင့် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် နိုင်ပွဲရရှိထားခြင်းမရှိသေးသည့် ရှက်ဖီးလ်အသင်းကို အနိုင်ယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**ဘန်လေနှင့် မန်ယူ**

ဘန်လေနှင့် မန်ယူအသင်းတို့သည် ပွဲစဉ် (၁) လက်ကျန်အဖြစ် ဇန်နဝါရီ ၁၃ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် ဘန်လေအိမ်ကွင်း၌ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ ဘန်လေအသင်းသည် ဇန်နဝါရီ ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်အဖြစ် အမ်ကေဒွန်းစ်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်၍ မန်ယူ အသင်းကလည်း အဆိုပါအဆင့်တွင် ဝက်ဖို့ဒ်အသင်းကို အနိုင်ယူကာ နောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်သည်။ ဘန်လေအသင်းသည် ပရီမီယာ လိဂ် ၁၅ ပွဲတွင် လေးပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သေးသည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည် ကောင်းမွန်နေပြီး အဆိုပါ အဝေးကွင်း ခုနစ်ပွဲတွင် ၁၉ မှတ်အထိ ရရှိထားသည်။ ယခုဘန်လေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်ကလည်း အဝေးကွင်းဖြစ်ပြီး မန်ယူအနေဖြင့် နိုင်ပွဲဆက်လက်ရယူ သွားနိုင်မလား ပထမဆုံး အဝေးကွင်းရှုံးပွဲနှင့် ရင်ဆိုင်သွားရမလား စိတ်ဝင်စား ဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

နည်းပြဆိုးလ်ရှားသည် ရာသီအစက ဖိအားများနှင့်ရင်ဆိုင်ခဲ့ရသော် လည်း ယခုအခါ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နိုင်မည့် အကောင်းဆုံးအခြေအနေသို့ပင် ရောက်ရှိလာအောင် စွမ်းဆောင်ထားနိုင်သည့် နည်းပြတစ်ဦးဖြစ်သည်။

**ဝုဖ်နှင့် အဲဗာတန်**

ဝုဖ်နှင့် အဲဗာတန်အသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၁၃ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဝုဖ်အသင်းက နောက်ဆုံးငါးပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး အဲဗာတန်အသင်းက သုံးပွဲ အနိုင်ရရှိ ထားသည်။

အင်္ဂလန်နိုင်ငံတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်မှုမြင့်မားနေပြီး ဘောလုံး အသင်းများတွင်လည်း ထိုဗိုင်းရပ်စ်ကူးစက်မှု များပြားလာသည့်အတွက် ပွဲစဉ်အချို့ ရွှေ့ဆိုင်းရဖွယ်ရှိနိုင်သည်။

**အောင်ဇော်**

# သမ္မတထရမ့်ကို ဒုတိယအကြိမ်စွဲချက်တင်ရန် ဒီမိုကရက်တစ်အမတ်များပြင်ဆင်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

သမ္မတ ဒေါ်နယ်ထရမ့်ကို ရုံးတော်မှ ဖယ်ရှားရေးအတွက် အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်ကို တိုက်တွန်းရန် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို အထက်လွှတ်တော် ဒီမိုကရက်တစ်အဖွဲ့ဝင်များက စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက ပြောကြားခဲ့သည်။

သမ္မတထရမ့်ကို ထောက်ခံသည့် ဆန္ဒပြသူများက အမေရိကန် လွှတ်တော်အဆောက်အအုံထဲသို့ ချိုးဖောက်ဝင်ရောက်ခဲ့ပြီး ရက်အနည်းငယ်အကြာ ဇန်နဝါရီ ၁၀ ရက်တွင် အခြားဒီမိုကရက်တစ်အမတ်များသို့ ရေးသားခဲ့သည့် ပေးစာတစ်စောင်တွင် သမ္မတထရမ့်ကို စွဲချက်တင်မည့် အစီအစဉ်ကို နန်စီပယ်လိုစီက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါပေးစာတွင် သမ္မတထရမ့်အနေဖြင့် ၎င်း၏ ရာထူးတာဝန်များကို ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်တော့ကြောင်း ကြေညာရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ချက် အမှတ် ၂၅ ကို အသုံးပြုရေး ဒုတိယသမ္မတ မိုက်ပန့်စ်ကို တောင်းဆိုမည်ဖြစ်ပြီး တစ်ချိန်တည်းတွင် မိုက်ပန့်စ်က ယာယီသမ္မတအဖြစ် တာဝန်ယူဆောင်ရွက်ရန် ဖော်ပြထားကြောင်း သိရသည်။

ယင်းတောင်းဆိုချက်ကို ၂၄ နာရီအတွင်း အကြောင်းပြန်ရန် ဒုတိယသမ္မတ မိုက်ပန့်စ်သို့ တောင်းဆိုထားကြောင်း ဒီမိုကရက်တစ်ပါတီ ထိပ်တန်းလွှတ်တော်အမတ် နန်စီပယ်လိုစီက ပြောကြားခဲ့သည်။ ထို့ပြင် လွှတ်တော်၌ သမ္မတထရမ့်ကို ဥပဒေအရ စွဲချက်တင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်အပေါ် လက်ရှိသမ္မတ၏ စော်ကားနှောင့်ယှက်မှုမှာ ပြင်းထန်လာသည့်အတွက် အမြန်ဆုံး အရေးယူဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း နန်စီပယ်လိုစီက ပြောသည်။ သို့ရာတွင် ထရမ့်ကို ဖယ်ရှားရန် ဒုတိယသမ္မတ မိုက်ပန့်စ်အား တောင်းဆိုလာမှုများကို မိုက်ပန့်စ်က တုံ့ပြန်လိုဟန်မရှိကြောင်း မီဒီယာများက ဖော်ပြသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အမေရိကန် လွှတ်တော်အဆောက်အအုံထဲသို့ သမ္မတထရမ့်ကို ထောက်ခံသည့် ဆန္ဒပြသူများ ချိုးဖောက်ဝင်ရောက်စီးနင်းခဲ့မှုအတွင်း လူငါးဦးထက်မနည်းသေဆုံးကာ အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**အေအက်ဖ်ပီ**



အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီ။

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို အာဏာရအလုပ်သမားပါတီ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်

**ပြုံယမ်း ဇန်နဝါရီ ၁၁**

မြောက်ကိုရီးယား အာဏာရအလုပ်သမားပါတီ၏ (၈)ကြိမ်မြောက် ပါတီညီလာခံ၌ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းကို ပါတီ၏အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဇန်နဝါရီ ၁၁ ရက်တွင် ဖော်ပြသည်။

**မဲခွဲဆုံးဖြတ်**

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တွင် ကျင်းပနေသည့် ညီလာခံခြောက်ရက်မြောက်နေ့ဖြစ်သည့် ဇန်နဝါရီ ၁၀ ရက်တွင် မဲခွဲဆုံးဖြတ်မှုပြုလုပ်ကာ ခေါင်းဆောင် ကင်ဂျုံအန်းကို ပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အာဏာရအလုပ်သမားပါတီ၏ အမှုဆောင်မူဝါဒကောင်စီကိုလည်း အတွင်းရေးမှူးအဖွဲ့အဖြစ် ပြောင်းလဲခေါ်ဆိုရန် အဆိုပါနေ့တွင် ညီလာခံက ဆုံးဖြတ်ခဲ့သည်။

**အသုံးအနှုန်းများပြောင်းလဲ**

အဆိုပါဆုံးဖြတ်ချက်အရ လက်ရှိသုံးနှုန်းနေသည့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌဟူသော ရာထူးအသုံးအနှုန်းနေရာတွင် ယခင်က သုံးနှုန်းခဲ့သည့် အတွင်းရေးမှူးချုပ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်ဆိုသော အသုံးအနှုန်းများသို့ ပြောင်းလဲခေါ်ဆိုသွားပြီး အလုပ်သမားပါတီကို တာဝန်ကျေပွန်စွာ ဦးဆောင်ရန်ဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အလုပ်သမားပါတီ၏ ညီလာခံကို ဇန်နဝါရီ ၁၁ ရက်တွင် ခုနစ်ရက်မြောက်နေ့အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အလုပ်သမားပါတီ၏ ခုနစ်ကြိမ်မြောက် ပါတီညီလာခံကို ၂၀၁၆ ခုနှစ် မေလက လေးရက်ကြာကျင်းပခဲ့သည်။

**အင်န်အိတ်ချ်ကေ**



မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း

## ကိုဗစ်-၁၉ ကြောင့် ဥရောပ၌ ကားသစ်အရောင်းကျဆင်း

**ပါရီ ဇန်နဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် ဥရောပနိုင်ငံများတွင် ၂၀၂၀ ပြည့်နှစ်အတွင်း ကားသစ်များအရောင်းကျဆင်းမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**အကြီးဆုံးကားဈေးကွက်ရှိသည့်နိုင်ငံဖြစ်**

ပြီးခဲ့သည့် ဇန်နဝါရီ ၈ ရက်က ထုတ်ပြန်ဖော်ပြခဲ့သည့် အချက်အလက်များအရ ဂျာမနီနိုင်ငံတွင် ကားသစ်များရောင်းချရမှု ၁၉ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ကာ ကားသစ်အစီးရေ ၂ ဒသမ ၉၁ သန်း ရောင်းချခဲ့ရကြောင်း သိရသည်။ ဂျာမနီနိုင်ငံသည် ဥရောပဒေသတွင် အကြီးဆုံးကားဈေးကွက်ရှိသည့် နိုင်ငံဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် ကားသစ်များရောင်းချရမှု ၂၅ ဒသမ ၅ ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီး ၁ ဒသမ ၆၅ သန်းအထိ ရောင်းချခဲ့ရသည်။ ဗြိတိန်၌ ၂၉ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ကားသစ်အစီးရေ ၁ ဒသမ ၆၃ သန်း ရောင်းချရကြောင်း သိရသည်။

**လျှပ်စစ်ကားများ ဝယ်လိုအားများလာလျက်ရှိ**

၂၀၂၁ ခုနှစ်အတွင်း ကားသစ်ရောင်းချမှု အခြေအနေပြန်ကောင်းလာရန် ဂျာမနီကားထုတ်လုပ်ရေးအဖွဲ့အစည်းက မျှော်မှန်းထားပြီး ကိုဗစ်-၁၉ ရောဂါမကျရောက်မီက ရှိခဲ့သည့် အနေအထားပြန်ရောက်ရန် အချိန်ကြာမြင့်နိုင်ကြောင်း ခန့်မှန်းတွက်ချက်ခဲ့သည်။ ဖော်ပြပါနိုင်ငံများတွင် ကားသစ်များအရောင်းကျဆင်းလျက်ရှိချိန် လျှပ်စစ်ကားများ ဝယ်လိုအား များလာလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံရှိ ပြည်နယ်ကိုးခုတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့နေ

**နယူးဒေလီ ဇန်နဝါရီ ၁၁**

အိန္ဒိယနိုင်ငံရှိ ပြည်နယ်နှစ်ခုဖြစ်သည့် ဒေလီနှင့် မဟာရက်ရှ်ထရာတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံကူးစက်ပျံ့နှံ့ခဲ့ရာ နိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုဖြစ်ပွားသည့် ပြည်နယ်ကိုးခုအထိ ရှိလာခဲ့ကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

**ကြက်ကောင်ရေ ၈၀၀ သေဆုံး**

ဒေလီရှိ ကျီးကန်းနှင့် ဘဲအသေကောင် ရှစ်ကောင်ကို ဓာတ်ခွဲစစ်ဆေးခဲ့မှုအတွင်း ရောဂါကူးစက်မှုရှိကြောင်း အတည်ပြုခဲ့သည်။ မဟာရက်ရှ်ထရာပြည်နယ်ရှိ ကျေးရွာတစ်ရွာ၌လည်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၈၀၀ အထိသေဆုံးခဲ့ကြောင်း သိရသည်။

**ရောဂါကူးစက်ဖြစ်ပွားသည့်ပြည်နယ်များ**

ပါဘနီခရိုင် မူရမ်ဘာ ကျေးရွာတွင် မွေးမြူထားသည့် ကြက်များ သေဆုံးခဲ့ကြောင်း မီဒီယာက ဖော်ပြသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသည့် အခြားပြည်နယ်ခုနစ်ခုတို့မှာ ကီရာလာ၊ ရာဂျက်စသန်၊ မက်ဒရာပရာဒေ့ရှ်၊ ဟီမာချယ်ပရာဒေ့ရှ်၊ ဟာယာနာ၊ ဂူဂျာရက်နှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်များဖြစ်ကြောင်း အိန္ဒိယအာဏာပိုင်များက ဖော်ပြသည်။

**ဆင်ဟွာ**



ရောဂါဖြင့် သေဆုံးသည့် ကြက်ငှက်များကို ရှင်းလင်းနေစဉ်။

# ကိုဗစ် – ၁၉ ကူးစက်မှုကို စိုးရိမ်သဖြင့် အင်္ဂလန်တွင် ကာကွယ်ဆေးထိုးပေးရာနေရာများ ဖွင့်လှစ်

**လန်ဒန် ဇန်နဝါရီ ၁၁**

အင်္ဂလန်တွင် ဗီဇပြောင်းကိုဗစ် – ၁၉ ကူးစက်မှုများပြားနေစဉ် လူပေါင်းသန်းနှင့်ချီ၍ ကာကွယ်ဆေးထိုးပေးနိုင်ရေး အစိုးရက ကြိုးပမ်းလျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်မှ စတင်ကာ အင်္ဂလန်တွင် ကာကွယ်ဆေးထိုးပေးရာ နေရာ ခုနစ်ခု ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**ထပ်မံဖွင့်လှစ်သွားမည်**

ဘရစ္စတိုး၊ လန်ဒန်၊ နယူးကာဆယ်နှင့် မန်ချက်စတာတို့ရှိ ပြိုင်မြင်းကွင်းများ၊ ဘောလုံးကွင်းများတို့တွင် ကာကွယ်ဆေးထိုးပေးရာစင်တာများ ဖွင့်လှစ်ခဲ့သည်။ တစ်ပတ်လျှင် လူပေါင်းထောင်နှင့် ချီ၍ ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး နောက်ထပ်လည်း ကာကွယ်ဆေးထိုးပေးရာနေရာများ ထပ်မံဖွင့်လှစ်သွားမည်ဟု အင်္ဂလန်ရှိ ကျန်းမာရေးဝန်ဆောင်မှု၏ ထုတ်ပြန်ချက်အရ သိရသည်။

**မျှော်လင့်ထား**

ယခုသီတင်းပတ်နှောင်းပိုင်းမှ စတင်ကာ ဆေးရုံများနှင့် ဆေးဆိုင်များတွင် ကာကွယ်ဆေး စတင်ထားရှိမည်ဖြစ်ပြီး ဖေဖော်ဝါရီလနှောင်းပိုင်းမတိုင်မီ အင်္ဂလန်ရှိ လူဦးရေ ၅၆ သန်း အနက် ၁၂ သန်းကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု အစိုးရက မျှော်လင့်ထားသည်။

**အတည်ပြုပေးခဲ့ပြီးဖြစ်**

ဒီဇင်ဘာ ၈ ရက်မှစတင်ကာ ဖိုက်ဇာ–ဘိုင်ရွန်တက်ခ် ကာကွယ်ဆေးကို စတင်ထိုးနှံပေးခဲ့ပြီး အင်္ဂလန်ရှိ လူပေါင်း ၁ ဒသမ ၂ သန်းကျော်ကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် အက်စ်ထရာဇနီကာနှင့် မော်ဒါနာ ကာကွယ်ဆေးတို့ကို အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။

သက်ကြီးစောင့်ရှောက်ရေးဂေဟာမှ သက်ကြီးရွယ်အိုများ အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများ၊ ရှေ့တန်းမှလုပ်ကိုင်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ ထိခိုက်လွယ်သည့် လူများကို ဦးစားပေးကာကွယ်ဆေး ထိုးပေးသွားမည်ဟု သိရသည်။

**အေအက်ဖ်ပီ**



နယူးကာဆယ်ရှိ ကာကွယ်ဆေးထိုးပေးသည့် စင်တာကို တွေ့ရစဉ်။

# တရုတ်နိုင်ငံတွင် ဇူလိုင်လနောက်ပိုင်းမှစကာ ကိုဗစ်-၁၉ နေ့စဉ် ကူးစက်မှုနှုန်း ပထမဆုံးအကြိမ်အဖြစ် ၁၀၀ ကျော်လာ

**ပေကျင်း ဇန်နဝါရီ ၁၁**

တရုတ်နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၀၃ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ဇန်နဝါရီ ၁၀ ရက်တွင် တရုတ်ကျန်းမာရေး အာဏာပိုင်များက ပြောသည်။ ကူးစက်ခံရသူအများစုမှာ ရောဂါလက္ခဏာများ ပြကြသည်ဟု သိရသည်။

**ရောဂါလက္ခဏာမပြသူများတွေ့ရှိ**

ဇူလိုင် ၃၀ ရက် နောက်ပိုင်းမှစတင်ကာ တရုတ်နိုင်ငံတွင် ကိုဗစ် –၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ပထမဆုံးအကြိမ် အဖြစ် ၁၀၀ ကျော်လာခဲ့ခြင်းဖြစ်သည်။ ရောဂါလက္ခဏာမပြသည့် ကူးစက်ခံရသူ ၇၆ ဦးကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရှိခဲ့သည်ဟု အမျိုးသား ကျန်းမာရေးကော်မရှင်က ပြောသည်။

**အဓိကကူးစက်ခံရ**

ပေကျင်းနှင့် အိမ်နီးချင်း ဟူပေပြည်နယ်တွင်လည်း ရောဂါလက္ခဏာပြသည့် ကူးစက်ခံရသူ ၈၂ ဦး တွေ့ရှိခဲ့သည်ဟု ကော်မရှင်က ပြောသည်။

ဟူပေပြည်နယ်တွင် ကူးစက်မှုများပြားနေပြီး ပြည်နယ် မြို့တော် ရှီကျားကျောင်တွင် အဓိကကူးစက်ခံနေရသည်။

**ရထားနှင့် ဘတ်စ်ကားဝန်ဆောင်မှုဆိုင်းငံ့**

အဆိုပါမြို့ရှိ ရထားနှင့် ဘတ်စ်ကားဝန်ဆောင်မှုများကိုလည်း ဆိုင်းငံ့ထားသည်။ လာမည့်လအတွင်း ကျရောက်တော့မည့် နှစ်သစ်ကူးကာလမတိုင်မီ ကူးစက်မှုများ များပြားလာမည်ကို အစိုးရက စိုးရိမ်လျက်ရှိသည်။ ယင်းကာလအတွင်း တရုတ်နိုင်ငံတွင် လူများခရီးသွားလာလေ့ရှိသည်။ ကူးစက်မှုများကို နှိမ်နင်းနိုင်ရေးအတွက် ပြည်တွင်းထုတ် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ထောက်ပံ့ပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ရှီကျားကျောင်မြို့တွင် ကိုဗစ် – ၁၉ စစ်ဆေးမှုများ ပြုလုပ်နေစဉ်။

# ပြင်သစ်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၅၉၄၄ ဦး ကျော် ထပ်မံတွေ့ရှိ

**ပါရီ ဇန်နဝါရီ ၁၁**

ပြင်သစ်နိုင်ငံတွင် ဇန်နဝါရီ ၁၀ ရက်က ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၅၉၄၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဇန်နဝါရီ ၃ ရက်မှ စတင်ကာ နေ့စဉ်ကူးစက်မှု အနိမ့်ဆုံးပင်ဖြစ်သည်။

ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၁၅၁ ဦး တိုးလာခဲ့ပြီး သေဆုံးမှုနှုန်း ကျဆင်းလာသည်မှာလည်း ခုနစ်ရက်ဆက်တိုက်ရှိပြီဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၄၇ ဦး တွေ့ရှိခဲ့ပြီး ၎င်းတို့ထဲမှ ခုနစ်ဦးမှာ ပြင်သစ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မာဆေးမြို့မှဖြစ်သည်ဟု ဒေသခံအာဏာပိုင်များက ဇန်နဝါရီ ၁၀ ရက်တွင် ပြောသည်။

တောင်အာဖရိကတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် – ၁၉ မိုင်းရပ်စ် ကူးစက်ခံရသူ သုံးဦးကိုလည်း ပြင်သစ်နိုင်ငံတွင် တွေ့ရှိရသည်။ နိုင်ငံအရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့မှ စုစုပေါင်းခရိုင် ၂၃ ခုတွင် ညမထွက်ရ အမိန့်ထုတ်ပြန်ထားပြီး ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ အပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားသည်။ ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ ကျန်နေရာများတွင် ည ၈ နာရီမှ နံနက် ၆ နာရီအထိ အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားသည်။ ပွဲကျင်းပမှုများ ပိတ်ပင်မှုကိုလည်း နောက်ထပ် သီတင်းသုံးပတ် ထပ်တိုးထားသည်ဟု သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ပြည်သူအများ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ကူညီပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ နှာခေါင်းစည်းနှင့် အခြားသော လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့လှူဒါန်း ခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့လှူဒါန်းမှုနှင့် ပတ်သက်၍ Clean Yangon မှ ကိုဇေယျာထွန်းက "လူထုအကျိုးပြုလှုပ်ရှားမှုအစီအစဉ်တွေထဲက တစ်ခုဖြစ်တဲ့ Care Myanmar အစီအစဉ်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်တဲ့အပြင် အခုလို အထမြောက်အောင် လုပ်ပေးခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ဒုတိယအကျော့မှ ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို ခံစားနေရဆဲဖြစ်ပြီး ပြန့်ပွားနေသည့် ကိုဗစ်-၁၉ ကို ကာကွယ်တိုက်ဖျက်ရန် နိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက Stay at Home အစီအစဉ်တွင် ပါဝင်သည့် မြို့နယ်များတွင် စည်းကမ်းချက်များကို တင်းကျပ်စွာ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်း အများစုသည် ယခု ကူးစက်ရောဂါပြန့်ပွားသည့် ကာလအတွင်း ရပ်တန့်ထားလျက်ရှိသလို ပြီးခဲ့သော ဩဂုတ်လတွင် ချမှတ်ထားသည့် အသွားအလာ ကန့်သတ်သည့် စည်းမျဉ်းစည်းကမ်းများကြောင့် အိမ်ထောင်စုများအတွင်း စားသောက်မှုအခက်အခဲ ကြုံတွေ့ခဲ့ကြရသည်။

"ကျွန်တော်တို့က လိုအပ်တဲ့အရာတွေကို ပံ့ပိုးပေးပြီး အစိုးရနဲ့အတူ ကိုဗစ်-၁၉ တိုက်ဖျက်ရေးမှာ အစောပိုင်းကတည်းက ပါဝင်လုပ်ဆောင်ခဲ့ပါတယ်။ ဒီတစ်ခေါက်ကတော့ ပြည်သူအကျိုးပြုလုပ်ငန်းတွေကို ပိုမိုအဓိကထား ဆောင်ရွက်သွားဖို့ ဆုံးဖြတ်ထားတယ်။ ဒါကြောင့် Clean Yangon နဲ့ ပူးပေါင်းပြီး ငွေကြေးအခက်အခဲဖြစ်နေတဲ့သူတွေကို အခုလို အခြေခံစားသောက်ကုန်များ လှူဒါန်းခဲ့တာဖြစ်ပါတယ်" ဟု Huawei Myanmar ၏ အမှုဆောင်အရာရှိချုပ် Mr. Ding Zhaoyi က ပြောကြားသည်။

မကြာသေးမီက Huawei Myanmar သည် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကြား ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရန်နှင့် မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ထပ်မံပြန့်ပွားမှု ထိန်းချုပ်ရာတွင် လွယ်ကူမြန်ဆန်လာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအောက်ရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ညှိနှိုင်းရေးကော်မတီသို့ Huawei Y5P ဖုန်း အလုံးရေ ၁၀၀ ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

# ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူ ၇၄ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၇၄ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ယနေ့ မွန်းလွဲ ၂ နာရီက လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၇၄ ဦးမှာ အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၃၃ ဦး တို့ဖြစ်ကြပြီး မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ သုံးဦး၊ တောင်သာမြို့နယ်မှ တစ်ဦး၊ မိုးကုတ်မြို့နယ်မှ ၁၃ ဦး၊ ပြင်ဦးလွင်မြို့နယ်မှ ငါးဦး၊ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်မှ တစ် ဦး၊ အောင်လံမြို့နယ်မှ တစ်ဦး၊ မြို့သစ်မြို့နယ်မှ တစ်ဦး၊ စလင်းမြို့နယ်မှ တစ်ဦး၊ ပခုက္ကူမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ကိုးဦး၊ ခင်ဦးမြို့နယ်မှ နှစ်ဦး၊ ပုလဲမြို့နယ်မှ နှစ်ဦး၊ ယင်းမာပင်မြို့နယ်မှ တစ်ဦး၊ ဟုမ္မလင်းမြို့နယ်မှ တစ်ဦး၊ ခမ်းပါတ်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ တစ်ဦး၊ မအူပင်မြို့နယ်မှ တစ်ဦး၊ မြောင်းမြမြို့နယ်မှ သုံးဦး၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ တစ်ဦး၊ ချင်းပြည်နယ် ဟားခါးမြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် ကျိန္တလီမြို့နယ်မှ နှစ်ဦး၊ ရမ်းဗြဲမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ်မှ နှစ်ဦး၊ ကာလိမြို့နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ ၁၆ ဦးတို့ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ထားရှိပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက ပထမအကြိမ် Rapid Test Kit စနစ်ဖြင့် စစ်ဆေးခြင်းနှင့် ဒုတိယအကြိမ်အဖြစ် ၎င်းတို့၏ဓာတ်ခွဲနမူနာ Swab များအား ထပ်မံရယူ၍ မူဆယ်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ နှစ်ကြိမ်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိရကြောင်းသိရသဖြင့် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဒေသများသို့ ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၁၁**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

## ၁၁-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၂၉၁၈၇၁၁ | ၁၃၄၈၄၂၀၄ | ၃၈၃၂၉၅ |
| ၂။ | အိန္ဒိယ | ၁၀၄၆၇၄၃၁ | ၁၀၀၉၂၉၀၉ | ၁၅၁၁၉၈ |
| ၃။ | ဘရာဇီး | ၈၁၀၅၇၉၀ | ၇၁၆၇၆၅၁ | ၂၀၃၁၄၀ |
| ၄။ | ရုရှား | ၃၄၂၅၂၆၉ | ၂၈၀၀၆၇၅ | ၆၂၂၇၃ |
| ၅။ | ဗြိတိန် | ၃၀၇၂၃၄၉ | ၁၄၀၆၉၆၇ | ၈၁၄၃၁ |
| ၆။ | ပြင်သစ် | ၂၇၈၃၂၅၆ | ၂၀၂၄၂၉ | ၆၇၇၅၀ |
| ၇။ | တူရကီ | ၂၃၂၆၂၅၆ | ၂၁၉၈၁၅၀ | ၂၂၈၀၇ |
| ၈။ | အီတလီ | ၂၂၇၆၄၉၁ | ၁၆၁၇၈၀၄ | ၇၈၇၅၅ |
| ၉။ | စပိန် | ၂၀၅၀၃၆၀ | စိစစ်ဆဲ | ၅၁၈၇၄ |
| ၁၀။ | ဂျာမနီ | ၁၉၃၀၆၃၉ | ၁၅၄၅၅၀၀ | ၄၁၄၆၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁- ၁ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၃၆၇၁၈ | ၆၈၈၇၃၉ | ၂၄၃၄၃ |
| ဖိလစ်ပိုင် | ၄၈၉၇၃၆ | ၄၅၈၂၀၆ | ၉၄၁၆ |
| မလေးရှား | ၁၃၈၂၂၄ | ၁၀၉၁၁၅ | ၅၅၅ |
| မြန်မာ | ၁၃၁၁၈၆ | ၁၁၄၆၀၉ | ၂၈၅၈ |
| စင်ကာပူ | ၅၈၉၂၉ | ၅၈၆၃၆ | ၂၉ |
| ထိုင်း | ၁၀၅၄၇ | ၆၅၆၆ | ၆၇ |
| ဗီယက်နမ် | ၁၅၁၅ | ၁၃၆၁ | ၃၅ |
| ကမ္ဘောဒီးယား | ၃၉၂ | ၃၇၄ | ၀ |
| ဘရူနိုင်း | ၁၇၃ | ၁၅၃ | ၃ |
| လာအို | ၄၁ | ၄၀ | ၀ |

# စေတုတ္တရာမြို့နယ် မဏ္ဍပ်ကိုင်းကျေးရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**စေတုတ္တရာ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် လျှပ်စစ်ရုံးမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးရွာ ၂၂ ရွာတွင် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်လျက်ရှိရာ မဏ္ဍပ်ကိုင်းကျေးရွာတွင် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၂၅ သန်းဖြင့် အရှည် ၁ ဒသမ ၁၇ မိုင်ရှိသော ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်ရုံးမှ ၂၀၂၀ ပြည့်နှစ် မတ် ၂၁ ရက်မှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းနှင့် မကြာမီလျှပ်စစ်ဓာတ်အား စတင်ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ရုံးမန်နေဂျာ ဦးညို့ဝင်းသန့်ထံမှ သိရသည်။

ကျေးရွာအတွင်း လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးသောကြောင့် ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၆၁ စုမှ လူဦးရေ ၆၃၇ ဦးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**



# တနင်္သာရီမြို့၌ သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံ ဆောက်လုပ်ပြီးစီး

**တနင်္သာရီ ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း နှစ်စဉ်မြစ်ရေကြီးမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများ အပါအဝင် သဘာဝဘေးသင့်ပြည်သူများ အရေးပေါ်ဘေးဒဏ်ခိုလှုံရန် အဆောက်အအုံ (Multipurpose Cyclone Shelter) တစ်လုံးကို မြေမအုံရွာတွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီ ဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက်က သိရသည်။

ယင်းအဆောက်အအုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကျပ်သန်း ၁၄၈ ဒသမ ၆၉၀၂ ဖြင့် တင်ဒါအောင် ကုမ္ပဏီက ၂၈-၁၀-၂၀၂၀ ရက်မှစ၍ တာဝန်ယူဆောက်လုပ်ခဲ့သော အလျားပေ ၆၀၊ အနံပေ ၆၀၊ အမြင့် ၂၄ ပေရှိ သံကူကွန်ကရစ်တစ်ထပ် အဆောက်အအုံ အမျိုးအစားဖြစ်သည်။

တနင်္သာရီမြို့နယ် မြေမအုံကျေးရွာတွင် အဆိုပါ အရေးပေါ်ခိုလှုံရန် ဘက်စုံသုံးအဆောက်အအုံပြီးစီးနေပြီဖြစ်သဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုဖြင့် သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအား အရေးပေါ်ခိုလှုံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**




အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၁ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၇၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၃၀/၆၇၅ ကျပ် | ၆၇၅/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၄၀/၆၉၀ ကျပ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၃၅ ကျပ် | ၆၇၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၂၀/၇၅၀ ကျပ် | ၇၉၅/၈၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၃၈ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၃၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၇ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၀၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၆ . ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၆ . ၈၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၂၄၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၂ . ၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၁ . ၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၄ . ၄၇၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၇၀၀ | ၅၈၀ | ၅၆၃၂၇၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၂၀၃၁ | ၇၅၀၇၄၀၀ |
| MCB | ၈၀၀၀ | ၈၁၀၀ | ၁၄၇ | ၁၁၈၈၇၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၈၂ | ၄၂၂၅၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၉ | ၁၀၉၂၀၀ |
| EFR | ၃၆၅၀ | ၃၆၅၀ | ၁၁၄ | ၄၁၆၈၀၀ |

ခင်ရတနာ နုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သမိုင်းမှတ်တမ်း ရာဇဝင်ကျမ်းများ

## မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ သမိုင်းမှတ်တမ်း ရာဇဝင်ကျမ်းများအနက် ၁၆ ရာစုတွင် အစောဆုံးရာဇဝင်ကျမ်း ထွက်ပေါ်ခဲ့ပြီးနောက် ရာဇဝင်ကျမ်းများကို ခေတ်အဆက်ဆက် ပြုစုခဲ့ကြရာ ပညာရှင်များနှင့်သုတေသီများ အကိုးအကားပြုကြရသည့် ကျမ်းများတွင် ဦးကုလား မဟာရာဇဝင်ကြီး၊ တွင်းသင်း မဟာရာဇဝင်သစ်၊ မှန်နန်းရာဇဝင်နှင့် ဇာတာတော်ပုံ ရာဇဝင်ကျမ်းတို့သည် အထင်ရှားဆုံးဖြစ်ကြသည်။

မြန်မာရာဇဝင်ကျမ်းများအနက် ညောင်ရမ်းခေတ် တနင်္ဂနွေမင်း (ခရစ်နှစ် ၁၇၁၄-၁၇၃၃) လက်ထက်တွင် ဦးကုလား မဟာရာဇဝင်ကြီး၊ ကုန်းဘောင်ခေတ် ဗဒုံမင်း (ခရစ်နှစ် ၁၇၈၂-၁၈၁၉) လက်ထက်တွင် တွင်းသင်း မဟာရာဇဝင်သစ်နှင့် စစ်ကိုင်းမင်း(ခရစ်နှစ် ၁၈၁၉-၁၈၃၇) လက်ထက်တွင် မှန်နန်းရာဇဝင်တို့ကို ရေးသားပြုစုခဲ့ကြရာ ကျမ်းပြုချိန်များသည် ၁၈ ရာစု နောက်ပိုင်းနှင့် ၁၉ ရာစု အစောပိုင်းအကြားကာလ ဖြစ်ပေသည်။ ဇာတာတော်ပုံ ရာဇဝင်ကျမ်းကိုမူ ရေးသားပြုစုချိန် အတိအကျမသိရဘဲ တနင်္ဂနွေမင်းလက်ထက်မတိုင်မီကဟု ယူဆကြသည်။

### ရာဇဝင်ဟူသည်

ပြည်သူတို့အရေးကိစ္စများထက် ဘုရင်တို့၏ အရေးကိစ္စများကို ဦးစားပေးဖော်ပြသော မှတ်တမ်းများကို ရာဇဝင်ဟုလည်းကောင်း၊ နိုင်ငံဒေသတစ်ခု၏ ဖြစ်စဉ်မှတ်တမ်းများကို သမိုင်းဟုလည်းကောင်း ခေါ်ဆိုနိုင်သည်။ ထို့ကြောင့် မြန်မာအဘိဓာန်၌ ရာဇဝင်ကို မင်းစဉ်မင်းဆက်အကြောင်း အရာ မှတ်တမ်း၊ သမိုင်းကို နိုင်ငံ၊ လူမျိုး၊ အဆောက်အအုံ စသည့်ဖြစ်စဉ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။

အာရှတိုက်နိုင်ငံများအနက် မြန်မာနိုင်ငံသည် အုပ်စိုးခဲ့ကြသည့် သမိုင်းအစဉ်အဆက် ရာဇဝင်မှတ်တမ်းများကို ခေတ်အဆက်ဆက် ပြုစုခဲ့ကြသဖြင့် သမိုင်းခြေရာကို ပီပြင်စွာ ပုံဖော်နိုင်ခဲ့သည်။ အချို့သော နိုင်ငံများတွင်ကား ခေတ်ကာလ အဆက်ပြတ်နေသော မှတ်တမ်းများသာ ရှိခဲ့ကြသည်။

အောက်မြန်မာနိုင်ငံ ကော်မရှင်နာမင်းကြီး ဆာအာသာ ဖယ်ရာ(Sir Aurther Phayre)က ၁၈၈၃ ခုနှစ်တွင် ထုတ်ဝေခဲ့သော မြန်မာရာဇဝင်စာအုပ်နိဒါန်းတွင် မြန်မာတို့၏ အမျိုးသားရာဇဝင်မှတ်တမ်း ပြည့်စုံပုံကို ရေးသားခဲ့သည်။ မြန်မာရာဇဝင်များကို လေ့လာခဲ့သူ ပါမောက္ခ လပ်စင် (Professor Lassen)က မြန်မာတို့၌ ရှည်လျားလှသော ရာဇဝင်မှတ်တမ်းများရှိပြီး ချီးမွမ်းခြင်းကိုခံထိုက်ကြောင်း ဖော်ပြခဲ့သည်။

### ဦးကုလား မဟာရာဇဝင်ကြီး

စက်တင်ပုံနှိပ်ခဲ့သည့် အစောဆုံး မြန်မာရာဇဝင်ကျမ်းသည် သက္ကရာဇ် ၈၆၄ ခုနှစ်( ခရစ်နှစ် ၁၅၂၀) တွင် ရှင်မဟာသီလဝံသ ပြုစုခဲ့သည့် မဟာသမ္မတဝံသ ခေါ် ရာဇဝင်ကျော် ဖြစ်သည်။ ရာဇဝင်ကျော်ကို အစောဆုံး ရာဇဝင်ဟု ဆိုကြသော်လည်း ပြည်ကြီးမဏ္ဍိုင်ပိဋကတ်တိုက်မှ ထုတ်ဝေခဲ့သော မှန်နန်းရာဇဝင်သစ်(၁၂၈၄ ခုနှစ်) တွင် သခင်ကိုယ်တော်မှိုင်းက စူဠဝင်ကျမ်း၊ စေတီယဝံသကထာကျမ်း၊ ဗောဓိဝင်ဋီကာ၊ ရာဇဝင်ပါဠိ၊ ရာဇဝံသပါဠိ၊ ပုဂံရာဇဝင်ဟောင်း၊ တောင်ငူရာဇဝင် စသည်တို့သည် ရာဇဝင်ကျော် မရေးသားမီက ပေါ်ပေါက်ခဲ့သော မြန်မာရာဇဝင်ကျမ်းများဖြစ်ကြောင်း ရေးသားခဲ့သည်။

ယင်းရာဇဝင်ကျမ်းတို့သည် အမျိုးအမည်များ ကွဲပြားနေကြသကဲ့သို့ အကြောင်းအရာများသည် တစ်စောင်နှင့် တစ်စောင် မတူမညီ ဖြစ်နေကြသဖြင့် ညောင်ရမ်းမင်းဆက် ကိုးဆက်မြောက်ဘုရင် တနင်္ဂနွေမင်းလက်ထက်တွင် စဉ့်ကိုင်သူဌေး ဒေဝသေဋ္ဌနှင့် သူဌေးကတော် မဏိသြဃတို့၏သား ဦးကုလားသည် ရာဇဝင်အသီးသီးကို ပေါင်းစည်းကာ မဟာရာဇဝင်ကြီးအမည်ရှိ ပြည့်စုံသည့် ရာဇဝင်ကျမ်းတစ်စောင်ကို မည်သူကမှ မတိုက်တွန်းဘဲ သက္ကရာဇ် ၁၀၇၆ ခု(ခရစ်နှစ် ၁၇၁၄)တွင် ပြုစုခဲ့သည်။

မြန်မာနိုင်ငံ သုတေသနအသင်းသည် ဦးကုလား မဟာရာဇဝင်ကြီးကို ၁၉၂၆ ခုနှစ်တွင် ပထမတွဲမှ သတ္တမတွဲ အထိကို ပထမအုပ်အဖြစ်လည်းကောင်း၊ ၁၉၃၁ ခုနှစ်တွင် အဋ္ဌမတွဲမှ စုဒ္ဒသမ အတွဲအထိကို ဒုတိယအုပ်အဖြစ်လည်းကောင်း ထုတ်ဝေခဲ့သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာနစိတ်က ပန္နရသ (၁၅)တွဲမှ ဧကဝီသတိမ(၂၁)တွဲ အထိကို တတိယအုပ်အဖြစ် ၁၉၆၁ ခုနှစ်တွင် ပုံနှိပ်ဖြန့်ချိခဲ့သည်။


ဦးကုလားသည် မြန်မာဘုရင်များ၏ အကြောင်းများအပြင် ယိုးဒယားသို့ စစ်ချီပုံ စသည့်သမိုင်းဝင်မှတ်တမ်းများကိုလည်း အသေးစိတ် ဖော်ပြခဲ့သည်။ အထူးသဖြင့် ၁၆ ရာစုနောက်ပိုင်း အုပ်ချုပ်ခဲ့သော ဘုရင်များအကြောင်း ပြည့်စုံစွာဖော်ပြခဲ့သည်။ ဦးကုလားမဟာရာဇဝင်ကြီးတွင် ပါရှိသည့် ဘုရင့်နောင်လက်ထက်(၁၅၅၁- ၁၅၈၁)ဖြစ်ရပ်များသည် မဟာရာဇဝင်ကို မပြုစုမီ နှစ် ၂၀၀ ကျော်မှ အဖြစ်အပျက်များဖြစ်၍ ဦးကုလားသည် တောင်ငူခေတ်နန်းတွင်းခေတ်ပြိုင်မှတ်တမ်းများကို ကိုးကားခဲ့ခြင်းဖြစ်နိုင်ကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။ ဆရာဇော်ဂျီက ဦးကုလား၏ မဟာရာဇဝင်ကြီးကို “ အခါအခွင့် အားလျော်စွာ ပြည့်စုံခဲ့သည်ဟု ဆိုသင့်သည်လည်းဖြစ်၍ အစောဆုံး ပေါ်ပေါက်ခဲ့သည်လည်းဖြစ်သော မြန်မာရာဇဝင်ကျမ်း” ဟု သုံးသပ်ခဲ့သည်။

ဦးကုလားသည် မဟာရာဇဝင်ကြီးကို မြန်မာ့ခေတ်ဦးမှ ညောင်ရမ်းမင်းဆက်အထိ ပြည့်စုံစွာ ရေးသားခဲ့ပြီး ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်တို့ကိုပါ ပြုစုခဲ့သည်။

### တွင်းသင်း မဟာရာဇဝင်သစ်

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် တွင်းသင်းတိုက်ဝန်မင်းကြီး မဟာစည်သူသည် ဘိုးတော်ဘုရား၏ စေခိုင်းချက်အရ ရာဇဝင်သစ်တစ်စောင်ကို ပြုစုခဲ့သည်။




ဘိုးတော်ဘုရား ဗဒုံမင်းသည် ကျောက်စာများကို အထောက်အထားပြု၍ သာသနာ့မြေနှင့် ဘုရင့်မြေကို ခွဲခြားသိရှိနိုင်ရန် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောက်စာများကို စုဆောင်း၍ ဖတ်ရှုစေခဲ့သည်။ ထို့ကြောင့် ယင်းကျောက်စာများကို ကြီးကြပ်ရသည့် တွင်းသင်းတိုက်ဝန် မဟာစည်သူနှင့် သက်ပန်းအတွင်းဝန် ဗလရာဇာကျော်ထင်တို့သည် မြန်မာနိုင်ငံ၏ ပထမဆုံးကျောက်စာဝန်များဟု ဆိုနိုင်သည်။

ဗဒုံမင်းက ရှေးရာဇဝင်ကျမ်းများတွင် ကျောက်စာများနှင့် မကိုက်ညီမှုများကို တွေ့ရှိခဲ့သဖြင့် တွင်းသင်းတိုက်ဝန် မဟာစည်သူအား ကျောက်စာများနှင့် ညီညွတ်သည့် ရာဇဝင်သစ်တစ်စောင်ပြုစုရန် တိုက်တွန်းရာမှ ကျောက်စာများကို အကိုးအကားပြုသော ပထမဆုံးရာဇဝင်ကျမ်းဖြစ်သည့် တွင်းသင်းမဟာရာဇဝင်သစ် ထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် မဟာရာဇဝင်ကြီး ဋီကာနိဿယတွင် “ ရာဇဝင်စကားနှင့် ကျောက်စာ စသည်တို့ မညီမညွတ်ဖြစ်ကုန်မူကား ရာဇဝင်စကားကို မယုံကြည်အပ်၊ ကျောက်စာ စသည်တို့သာ ယုံကြည်အပ်” ဟု ရေးသားခဲ့သည်။

ဦးကုလားက မိမိဆန္ဒအလျောက်၊ တွင်းသင်းမင်းကြီးက မင်းမိန့်ကြောင့် ရာဇဝင်ကျမ်းများကို ပြုစုခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ပထမဆုံး သမိုင်းအဖွဲ့ဟု ဆိုရမည့် အဖွဲ့က ရာဇဝင်ကျမ်းကြီးတစ်စောင်ကို ပြုစုခဲ့ကြပြန်သည်။

### မှန်နန်းရာဇဝင်

ကုန်းဘောင်ခေတ်တွင် စစ်ကိုင်းမင်းက ရာဇဝင်ပြုစုရေး အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းကာ ဦးကုလား မဟာရာဇဝင်တွင် မပြည့်စုံ၊ မညီညွတ်သည်တို့ကို ပြည့်စုံညီညွတ်အောင် ပြန်လည်ရေးသားရန် တာဝန်ပေးခဲ့သည်။ ထိုအဖွဲ့တွင် မုံရွေးဆရာတော် အရှင်အာဒိစ္စရံသီ၊ သော်ကပင်ဆရာတော်၊ မင်းတိုင်ပင်အမတ်ကြီး ဓမ္မသကြံ၊ မြင်းစုကြီးဝန် ဦးရောက်တို့ ဦးဆောင်ပါဝင်ခဲ့သည်။

ယင်းအဖွဲ့သည် သက္ကရာဇ် ၁၁၉၁ ခုနှစ် နယုန်လဆန်း ၁ ရက်(၁၈၂၉ မေ ၃ ရက်)မှစတင်၍ ရာဇဝင်တော်ကြီးကို သုံးနှစ်ကျော်မျှ ရေးသားပြုစုခဲ့ကြသည်။ ကမ္ဘာတည်စမှ စစ်ကိုင်းမင်းနန်းတက်ချိန်(၁၈၂၁ ခုနှစ်)အထိ ဖြစ်စဉ်များကို ရေးသားပြုစုခဲ့ရာ ၃၈ တွဲ ရှိခဲ့သည်။ ထိုရာဇဝင်ကျမ်းကြီးကို မှန်နန်းတော်ဦး စနုဆောင်၌ ပြုစုခဲ့သဖြင့် မှန်နန်း မဟာရာဇဝင်တော်ကြီးဟု ထင်ရှားခဲ့သည်။

မင်းတုန်းမင်းလက်ထက်တွင် မှန်နန်းရာဇဝင်ကို ဆက်လက်ရေးသားရန် ကန္ဒီအတွင်းဝန် မင်းကြီး မဟာမင်းခေါင် သင်္ခယာ၊ ခင်မမင်းဝန်၊ မိုင်းခိုင်မြို့စားတို့ ဦးဆောင်သော အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

ထိုအဖွဲ့က သက္ကရာဇ် ၁၂၂၉ ခုနှစ်တော်သလင်းလဆန်း ၅ ရက်(၁၈၆၇ ခုနှစ်စက်တင်ဘာ ၂ ရက်)မှစ၍ မှန်နန်းရာဇဝင်ကို ဆက်လက်ပြုစုခဲ့ကြရာ စစ်ကိုင်းမင်းနန်းတက်သည့် သက္ကရာဇ် ၁၁၈၃( ခရစ်နှစ် ၁၈၂၁ ခုနှစ်)မှမင်းတုန်းမင်း နန်းတက်သည့် သက္ကရာဇ် ၁၂၁၆(ခရစ်နှစ် ၁၈၅၄ ခုနှစ်) အထိ သမိုင်းဖြစ်စဉ်များကို အတွဲ ၁၀ တွဲ ရေးသားခဲ့သည်။ ယင်းအချိန်မှ ၁၈၈၅ ခုနှစ်အထိ နောက်ပိုင်းကို ငစဉ့်ကိုင် မြို့အုပ်မောင်တင်( ဦးတင်-၁)က ဆက်လက်ပြုစုခဲ့သည်။

မှန်နန်းရာဇဝင် သုံးအုပ်တွဲ( လောကတည်ဟန် ပျက်ဟန်မှ ညောင်ရမ်းမင်းဆက် အဝမင်းတရားကို ရေတွင်ဖျောက်ခြင်းအထိ)ကို သီပေါမင်းလက်ထက် ရတနာပုံ နေပြည်တော် နန်းမြို့တော်ကြီးအတွင်း ရွှေလွှတ်တော်ရှေ့ စာပုံနှိပ်တိုက်မှ ပထမဆုံး ပုံနှိပ်ခဲ့သည်။ သုံးအုပ် ပိုင်းခြားထုတ်ဝေခဲ့ရာ ပထမအုပ်ကို ၁၂၄၅ ခုနှစ် သီတင်းကျွတ်လ၊ ဒုတိယအုပ်ကို ၁၂၄၆ ခုနှစ် ကဆုန်လတွင် ထုတ်ဝေခဲ့ပြီးနောက် သီပေါမင်း ပါတော်မူခဲ့သဖြင့် နောက်ဆုံးအုပ်ကို မထုတ်နိုင်ခဲ့သည့်အပြင် မန္တလေးနန်းတွင်း ပုံနှိပ်တိုက်လည်း ပျက်စီးခဲ့သည်။ ၁၉၀၉ ခုနှစ် ဧပြီလတွင် မန္တလေးတိုင်းသတင်းစာ ပုံနှိပ်တိုက်က ပြန်လည်ထုတ်ဝေခဲ့သည်။

### ဇာတာတော်ပုံ ရာဇဝင်

ဇာတာတော်ပုံ ရာဇဝင်သည် ညောင်ရမ်းမင်းဆက် သတ္တမမြောက်ဘုရင် မင်းရဲကျော်ထင်လက်ထက်(ခရစ်နှစ် ၁၆၇၂-၁၆၉၈)တွင် ပေါ်ပေါက်ခဲ့သည်ဟု ယူဆမှုများအရ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်နောက် နှစ် ၁၅၀ ကျော်တွင် ထွက်ပေါ်ခဲ့သည့်ကျမ်းဖြစ်သည်။ ရာဇဝင်ကျော်တွင် မဟာဝင်မင်းဆက်၊ မဇ္ဈိမတိုက်မင်းစဉ်၊ သီဟိုဠ်ရာဇဝင်နှင့် မြန်မာမင်းဆက်များ ပါဝင်သည်။ သို့သော် မြန်မာရာဇဝင်ကဏ္ဍတွင် စစ်ကိုင်း၊ ပင်းယမင်းများ၏ နန်းစံနှစ်မျှသာ ပါရှိသဖြင့် စုံလင်သောကျမ်းတစ်ခုဟု မဆိုနိုင်ချေ။

ဇာတာတော်ပုံ ရာဇဝင်သည် ရာဇဝင်ကျော်နှင့် ပြုစုပုံအနည်းငယ်ဆင်၍ ဗုဒ္ဓဝင်၊ မဟာဝင်မင်းဆက်၊ သာကီဝင်မင်းဆက်၊ သီဟိုဠ် ဒီပဝင်အကျဉ်းနှင့် မြန်မာမင်းဆက်များကို ဖော်ပြထားသည်။ ကျမ်းနှစ်စောင်လုံး၌ ကျမ်းပြုသူသိမီသည့် ခေတ်အထိသာ ပါဝင်ခဲ့သော်လည်း ဇာတာတော်ပုံ ရာဇဝင်တွင် နှောင်းခေတ်ပုဂ္ဂိုလ်များ ဖြည့်စွက်ထားသည့် မင်းဆက်များနှင့် ရှင်ဘုရင်များ၏ ဇာတာများ ပါရှိသဖြင့် မြန်မာရာဇဝင်ဆိုင်ရာ ခုနှစ်သက္ကရာဇ်များနှင့် စပ်လျဉ်း၍ ယင်းကျမ်းကို များစွာ အထောက်အထားပြုနိုင်ခဲ့ကြသည်။

ဇာတာတော်ပုံရာဇဝင်ကျမ်းသည် ဦးကုလား၊ တွင်းသင်းနှင့် မှန်နန်းရာဇဝင်တို့ထက် ရေးကျကာ ယင်းကျမ်းသုံးစောင်တွင် ပါရှိသည့် မြန်မာဘုရင်များ၏ မွေးဖွားနှစ်၊ အိမ်နိမ့်၊ နန်းတက်နှစ်၊ နန်းစည်းစိမ်နှင့် နတ်ရွာစံနှစ်တို့သည် တစ်စောင်နှင့်တစ်စောင် မတူညီကြချေ။ နှောင်းခေတ်များတွင် ရာဇဝင်ကျမ်းများကို ကျောက်စာ၊ ပေစာ၊ မင်စာ စသည့် ခိုင်မာသောအထောက်အထားများနှင့် တိုက်ဆိုင်စစ်ဆေးရာ ဇာတာတော်ပုံကျမ်းမှ ခုနှစ် သက္ကရာဇ် အများစုသည် ကျောက်စာများနှင့် ညီညွတ်ကြောင်း တွေ့ရှိရပေသည်။

ဇာတာတော်ပုံ ရာဇဝင်ကျမ်းကို လွန်ခဲ့သည့် နှစ် ၆၀ က ပထမအကြိမ် ပုံနှိပ်ရန် စီစဉ်ခဲ့ချိန်တွင် ကမ္ပည်းကျောက်စာဌာနရှိ လက်ရေးမူနှင့် မြန်မာနိုင်ငံ သမိုင်းကော်မရှင်က ပုဂံမြို့မှတစ်ဆင့် ရရှိခဲ့သည့် လက်ရေးမူကို တွေ့ရှိခဲ့ရာ မူနှစ်စောင်လုံးတွင် ဇာတာတော်ပုံရာဇဝင်ကို မည်သူက မည်သည့်ခုနှစ်တွင် ရေးသားခဲ့ကြောင်း ဖော်ပြထားခြင်း မရှိချေ။ သို့သော် ဦးဘသန်း၏ ကျောင်းသုံးမြန်မာရာဇဝင်စာအုပ်၌ မင်းရဲကျော်ထင်လက်ထက်တွင် မြန်မာမင်းဧကရာဇ်တို့၏ သက္ကရာဇ်ကိုပြသော ဇာတာပုံကျမ်းကို ရေးသားသည်ဟု ပါရှိခဲ့သည်။ ကမ္ပည်းကျောက်စာဌာနမှ လက်ရေးမူတွင် မင်းရဲကျော်ထင်၏ နှောင်တော်နရာဝရမင်းအထိ ပါဝင်သဖြင့် မင်းရဲကျော်ထင် လက်ထက်တွင် ရေးခဲ့သည်ဟူသည့်အချက်ကို လက်ခံဖွယ်ရာရှိကြောင်း ယဉ်ကျေးမှု အထက်တန်းအရာရှိ ဦးလှတင်က သုံးသပ်ခဲ့သည်။

ပုဂံမှရရှိသည့် လက်ရေးမူတွင် ညောင်ရမ်းခေတ်မှ မင်းရဲကျော်ထင်၊ စနေမင်း၊ တနင်္ဂနွေမင်း၊ မဟာဓမ္မရာဇာဓိပတိမင်း၊ ကုန်းဘောင်ခေတ်မှ အလောင်းမင်းတရား၊ နောင်တော်ကြီးနှင့် ဆင်ဖြူရှင်မင်းတို့ကိုပါ ဖော်ပြထားသော်လည်း မွေးသက္ကရာဇ်နှင့် ဇာတာများ ပြည့်စုံစွာ မပါရှိသဖြင့် စဉ့်ကူးမင်းလက်ထက်တွင် နှောင်းလူတစ်ဦးက ဖြည့်စွက်ခဲ့ဟန်ရှိကြောင်း ယူဆခဲ့ကြသည်။

ဇာတာတော်ပုံရာဇဝင်ကို ပုဏ္ဏားအဇာဂရက ရေးသားခဲ့သည်ဟု ဆိုကြသော်လည်း ခိုင်မာသည့် အထောက်အထား မပြသနိုင်သည့် မှန်းဆချက်ဟု ယူဆခဲ့ကြသည်။ ဇာတာတော်ပုံ ရာဇဝင်ကျမ်း နောက်ပိုင်းတွင် ထွက်ရှိခဲ့သည့် ဦးကုလား မဟာရာဇဝင်ကြီးတွင် ဇာတာတော်ပုံ ရာဇဝင်ကျမ်းကို ကိုးကားကျမ်းအဖြစ် ဖော်ပြခဲ့သဖြင့် ဇာတာတော်ပုံ ရာဇဝင်ကျမ်းသည် မဟာရာဇဝင်ကြီးကို ဦးကုလား ပြုစုခဲ့သည့် တနင်္ဂနွေမင်းလက်ထက် မတိုင်မီကပင် ရှိနေခဲ့ကြောင်း ထင်ရှားခဲ့သည်။

### ဇာတာခွင်များ

ဇာတာတော်ပုံ ရာဇဝင်ကျမ်းသည် အမည်အတိုင်း မြန်မာရှင်ဘုရင်အချို့၏ ဇာတာခွင်များကို ဖော်ပြသည့် ကျမ်း ဖြစ်သည်။ မူရင်းလက်ရေးမူ နှစ်စောင်ကို တိုက်ဆိုင်တည်းဖြတ်ခဲ့သည့် စာအုပ်မူတွင် ဗုဒ္ဓဝင်ပိုင်း၊ မဟာဝင်နှင့် ဒီပဝင်ပိုင်း၊ မြန်မာရာဇဝင် မင်းဆက်ပိုင်း၊ ဇာတာတော်ပိုင်းနှင့် ရာဇဝင်မှတ်စုပိုင်းဟူ၍ အပိုင်းငါးပိုင်း ပါရှိခဲ့သည်။

ဗုဒ္ဓဝင်အပိုင်းတွင် ပွင့်တော်မူပြီးသည့် ဘုရားရှင်အဆူပေါင်းကို ရေတွက်ပြ၍ ဂေါတမဘုရားလောင်း ဗျာဒိတ်မရခဲ့သည့် ဘုရားသုံးဆူအပါအဝင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားများ၏ ရာဇဝင်ကို ပြဆိုထားသည်။ မဟာဝင်နှင့် ဒီပဝင်ပိုင်းတွင် မဟာဝင်မင်းဆက်များကို ရေတွက်ပြ၍ ဂေါတမသာကီဝင်ကို ဥက္ကာကရာဇ်မင်းမှ ရာဟုလာအထိ လည်းကောင်း၊ သီဟိုဠ်ဒီပဝင်အကျဉ်း မင်း ၆၄ ပါးကို လည်းကောင်း ဖော်ပြထားသည်။ မြန်မာရာဇဝင်မင်းဆက် အပိုင်းတွင် တကောင်း၊ သရေခေတ္တရာနှင့် ပုဂံ၊ ပင်းယ၊ စစ်ကိုင်းနှင့် အင်းဝမင်းဆက်များကို နရာဝရမင်းအထိ ပြဆိုထားသည်။

ဇာတာတော်ပိုင်းတွင်မူ ဘုရားပုထိုးတည် ဇာတာများ၊ မြို့တည်ဇာတာများ၊ စုက္ကတေးမှစသည့် ပုဂံဘုရင်များ၏ ဇာတာများ၊ စစ်ကိုင်းနှင့် အင်းဝမင်းများ၏ ဇာတာများ၊ မင်းငယ်ဇာတာများ၊ စစ်ထိုးခြင်းအပါအဝင် အဖြစ်အပျက် ဇာတာများကို ဖော်ပြထားသည်။

ဇာတာတော်ပုံရာဇဝင်ကျမ်းကို ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာနက ၁၉၆၀ ပြည့်နှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ရာပြည့်စာအုပ်တိုက်က ၂၀၁၉ ခုနှစ်တွင် ဒုတိယအကြိမ်ထုတ်ဝေခဲ့ရာ သုတေသီများအကြား အထူးထင်ရှားသည့် မြန်မာရာဇဝင်ကျမ်းတစ်စောင် ဖြစ်ခဲ့သည်။

မြန်မာတို့၏ သမိုင်းစဉ်ကို ရေးသားပြုစုခဲ့သည့် ရာဇဝင်ကျမ်းများသည် ဘုရင်များ၏ အကြောင်းများကိုသာ အဓိကပြုစုခဲ့သည်ဟု ဆိုကြသော်လည်း စဉ်ဆက်မပြတ်သော ရာဇဝင်ကျမ်းများသည် မြန်မာနိုင်ငံတွင်သာရှိသဖြင့် ရာဇဝင်ကျမ်းများကို ရေးသားပြုစုခဲ့ကြသည့် ရဟန်းပညာရှိများ၊ လူပညာရှိများနှင့် မြန်မာဘုရင်များ၏ အမြော်အမြင်ကြီးမားခဲ့မှုသည် နှောင်းလူများအတွက် များစွာ ကျေးဇူးကြီးမားခဲ့ပေသည်။ ။

**ကိုးကား**

(၁) ဇာတာတော်ပုံရာဇဝင်ကျမ်း
(၂) မဟာရာဇဝင်တော်ကြီး(ဦးကုလား)
(၃) တွင်းသင်း မဟာရာဇဝင်သစ်(ဦးထွန်းညို)
(၄) မှန်နန်းမဟာရာဇဝင်တော်ကြီး

# ပွဲလမ်းချိန်ခါ သတိပြုဖွယ်ရာ နေထိုင်စားသောက်မှုပုံစံ

**ကောင်းမွန်**



နှစ်စဉ် နှစ်ကုန်ပိုင်း ရောက်လာချိန်တွင် လုပ်ငန်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အချို့သော ရုံးဌာနများသည် ခရစ္စမတ်ညှော့ခံပွဲများ၊ နှစ်ဟောင်းကို နှုတ်ဆက်သည့် ညှော့ခံပွဲများ၊ နှစ်သစ်ကို ကြိုဆိုသည့် ညှော့ခံပွဲများ စသည့် အကြောင်းအမျိုးမျိုးဖြင့် ညှော့ခံပွဲများ ကျင်းပတတ်သလို ခင်မင်ရင်းနှီးသည့် မိတ်ဆွေအပေါင်းအသင်းများ စုဝေး၍လည်း ပျော်ပွဲရွှင်ပွဲများ၊ စားသောက်ပွဲများ ကျင်းပတတ်ကြသည်။ အချို့ကလည်း အကြောင်းတစ်မျိုးမျိုးရှာ၍ တွေ့ကြ၊ ဆုံကြ၊ စားကြ၊ သောက်ကြ ပြုလုပ်တတ်ကြသည်။

ယင်းကဲ့သို့ ညှော့ခံပွဲများသို့ သွားရောက်သည့်အခါ ပွဲလာညှော့သည်များနှင့် တွေ့ဆုံနှုတ်ဆက် ပြောဆိုမှုများအပြင် များသောအားဖြင့် အလျှံအပယ် တည်ခင်းထားတတ်သည့် စားကောင်းသောက်ဖွယ်များကိုလည်း မြည်းစမ်း စားသောက်တတ်ကြသည်။

မိမိတို့၏ ကိုယ်အလေးချိန် အလွန်အမင်းမတက်စေရန် သို့တည်းမဟုတ် လက်ရှိအလေးချိန်ကို တတ်နိုင်သရွေ့ ထိန်းသိမ်းထားရန် သတိပြုနေသူများအတွက် ယခုလို အချိန်အခါမျိုးတွင် ညှော့ခံပွဲများ၌ တည်ခင်းလေ့ရှိသည့် အရသာမျိုးစုံသော စားကောင်းသောက်ဖွယ်ရာများက စိန်ခေါ်မှုအသွင် ရှိတတ်သည်။ မိမိကိုယ်ကို စားသောက်ဖွယ်ရာများ ခင်းကျင်းထားသည့် စားပွဲမှ ခပ်ဝေးဝေးနေ၍ ချုပ်တည်းထားနိုင်သော်လည်း စားပွဲထိုးများက အစားအသောက် မုန့်ဗန်းများကိုင်၍ နေရာအနှံ့သို့ လိုက်လံတည်ခင်းသည့်အခါ မိမိအနားသို့ မုန့်ဗန်းများ မကြာခဏရောက်လာတတ်ခြင်းကြောင့် အစားအသောက်များမှ လုံးလုံးလျားလျား ကင်းဝေးစွာ နေနိုင်ခြင်း မရှိကြောင်း တွေ့ရတတ်ပါသည်။

သို့ဖြစ်၍ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းချိန် ပိတ်ရက်ကာလအတွင်းနှင့် ညှော့ခံပွဲများသို့ သွားရောက်ရမည့် အခြေအနေမျိုး၌ အောက်ဖော်ပြပါအချက်များကို သတိပြုခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်နှင့် အတတ်နိုင်ဆုံး ကိုက်ညီအောင် စားသောက်နိုင်မည်ဖြစ်ပါသည်–

**(၁) ညှော့ခံပွဲသို့ မည်သည့်အခါမျှ ဗိုက်ချည်းဗလာဖြင့် မသွားပါနှင့်**

ညှော့ခံပွဲများ၌ စားကောင်းသောက်ဖွယ်များ တည်ခင်းတတ်သည်မှာ မှန်သော်လည်း မည်သည့်အခါမျှ ဗိုက်ချည်းဗလာဖြင့် သွားရောက်ခြင်း မပြုသင့်ပါ။ ညှော့ခံပွဲတစ်ခုသို့ သွားရောက်ရမည့် အခါမျိုးတွင် မသွားရောက်မီ ကျန်းမာရေးနှင့်ညီညွတ်သည့် အဆာပြေ အစားအစာတစ်ခုခု သုံးဆောင်သွားသင့်ပါသည်။ ပရိုတင်းဓါတ် အသားဓာတ်ကြွယ်ဝသည့် ကော့တော့ချ်ဒိန်ခဲ သို့မဟုတ် အဆီဓာတ်လျှော့ထားသည့် ဒိန်ချဉ်တို့ကို စားသောက်သွားသင့်ပါသည်။ အသားဓာတ်က တာရှည်ခံပြီး အချိန်ပိုမိုကြာမြင့်စွာ ခံနိုင်ရည်ရှိစေသည်။ အလှည့်အပြောင်းအနေဖြင့်လည်း အမျှင်ကြွယ်ဝသည့် ဟင်းသီးဟင်းရွက် အသုပ်ပွဲမျိုးကို သုံးဆောင်သွားသင့်သည်။

**(၂) ညှော့ခံပွဲ၌ အစားအသောက်ထက် လူပုဂ္ဂိုလ်ညှော့သည်များအပေါ် အာရုံစိုက်ပါ**

ရုံးပိတ်ရက် ညှော့ခံပွဲများ၊ လူမှုရေးအခမ်းအနားများမှာ မိမိတို့၏ မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးသားချင်းများနှင့် တွေ့ဆုံသည့် အချိန်အခါလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါအခမ်းအနား ညှော့ခံပွဲများသို့ သွားရောက်ခြင်းမှာ အစားအသောက်က အဓိကမဟုတ်ဘဲ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံပြောဆိုရေးက ပို၍ အရေးကြီးပါသည်။ အစားအသောက်ထက် မိတ်ဆွေသူငယ်ချင်းများနှင့် တွေ့ဆုံ၍ စကားစမြည်ပြောကြားခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းအပေါ် ပိုမိုအလေးဂရုပြုသင့်ပါသည်။

**(၃) တည်ခင်းထားသည့် စားကောင်းသောက်ဖွယ်များထဲမှ သတိပြု၍ ရွေးချယ်ပါ**

အခမ်းအနား ညှော့ခံပွဲများ၌ တည်ခင်းတတ်သည့် စားကောင်းသောက်ဖွယ်များကို အသေအချာ စိစစ်ကြည့်မည်ဆိုပါက ယင်းတို့ထဲတွင် ကျန်းမာရေးနှင့် ဆီလျော်မှုရှိသည့် အစားအစာများကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပုစွန်၊ ဆော်လမွန်ငါးကင်၊ လတ်ဆတ်သည့် အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်ဗန်း စသည်တို့မှာ ဆော့စ်များ၊ စားမြိန်ရေများနှင့် နှစ်စားရန် လိုက်ဖက်ညီညွတ်ကြောင်း တွေ့ရှိရပါမည်။ အစေ့အဆန်များ၊ အထူးသဖြင့် ဗာဒံစေ့များသည် ပရိုတင်းဓာတ် ကောင်းစွာရရှိစေသည့် အရင်းအမြစ် အစားအစာပင် ဖြစ်သည်။

**(၄) ဖြည်းညင်းစွာ စားသောက်ပါ**

မိမိတို့ စားသောက်ရင်း ဗိုက်တင်းခြင်းရှိမရှိဆိုသည့် အချက်ကို ကောင်းစွာ သဘောပေါက်ရန်မှာ အနည်းဆုံး မိနစ် ၂၀ ခန့် ကြာတတ်ပါသည်။ အလွန်အမင်း ဗိုက်တင်းသည်အထိ စားသောက်ခြင်းမျိုးမှ ရှောင်ကြဉ်နိုင်ရန် အစားအသောက်များကို အလျင်အမြန် သုံးဆောင်ခြင်းထက် ဖြည်းဖြည်းမှန်မှန် သုံးဆောင်ပါက အစားအစာကို ထင်မှတ်ထားသည်ထက် လျှော့နည်း၍ သုံးဆောင်တတ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**(၅) အဖျော်ယမကာများကို သတိပြု၍ ရွေးချယ်ပါ**

သောက်ရေသန့် သို့မဟုတ် မူးယစ်စေခြင်း မရှိသည့် ဖျော်ရည်များကို ဦးစားပေး စဉ်းစားရွေးချယ်သင့်ပါသည်။ အကယ်၍ အဖျော်ယမကာကို သောက်သုံးရန် ရည်ရွယ်ထားပါကလည်း ရှန်ပိန် သို့မဟုတ် ယမကာအပြင်းတို့ထက် ဝိုင်အဖြူ၊ ဝိုင်အနီတို့ကိုသာ ဦးစားပေးသင့်သည်။ သောက်သုံးသည့် ယမကာများကို သောက်ရေသန့် ရောခြင်းဖြင့် အပြင်းဓာတ်လျော့စေရန် ဆောင်ရွက်နိုင်သည်။ **(အစစ်အမှန် အားပေးသူတွေကတော့ ဤအချက်ကို နှစ်သက်လက်ခံကြဖွယ် မရှိလောက်ပါ။)**

**(၆) ရုံးပိတ်ရက်ကာလအတွင်း တတ်နိုင်သမျှ တက်တက်ကြွကြွ နေထိုင်ပါ**

ရုံးပိတ်ရက်ကာလအတွင်း အစားအသောက် စားပွဲမှ တတ်နိုင်သမျှ အလှမ်းကွာနိုင်စေရန် အခြားသူများနှင့် ရောနှောတွေ့ဆုံခြင်း သို့မဟုတ် အတတ်နိုင်ဆုံး တက်ကြွစွာလှုပ်ရှားခြင်းဖြင့် နေထိုင်သင့်ပါသည်။ ရုံးပိတ်ရက် ကာလအတွင်း တက်တက်ကြွကြွနေထိုင်ခြင်း သို့မဟုတ် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ဇီဝကမ္မဖြစ်စဉ်ကို ကောင်းစွာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

**(၇) ကြွင်းကျန်အစားအစာများနှင့် ပတ်သက်၍ သတိပြုပါ**

အထူးအခမ်းအနား ညှော့ခံပွဲများ ကျင်းပပြီးစီးပြီးနောက် အစားအစာများ၊ အထူးသဖြင့် ပရိုတင်းဓာတ်ကြွယ်ဝသည့် အစားအစာများကို တတ်နိုင်သရွေ့ ကုန်စင်အောင် သုံးသင့်သည်။ ရက်ပေါင်းအတန်ကြာ သိမ်းဆည်းထားခြင်းမျိုးမှ ရှောင်ကြဉ်သင့်ပါသည်။ ညှော့ခံပွဲအပြီး ကျန်ရှိနေသေးသည့် စားကောင်းသောက်ဖွယ်များကို တတ်နိုင်သမျှ အနည်းငယ်စီ ခွဲခြမ်းပေးဝေခြင်းကို လုပ်ဆောင်သင့်ပါသည်။ သို့မှသာ ကျန်ရှိနေသေးသည့် အစားအစာများ(ဥပမာ ချိစ်ကိတ်တစ်ဝက်လုံး)ကို မိမိတစ်ဦးတည်း စားသောက်ရခြင်းမျိုးမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။

**(၈) မိမိကိုယ်ကိုယ် အားပေးချီးမြှင့်ပါ**

ရုံးပိတ်ရက်ကာလ ဖြစ်သည့်အလျောက် အစားအသောက်များအပေါ် အာရုံစိုက်နေမည့်အစား အားကစားလှုပ်ရှားမှုတစ်ခုခု ပြုလုပ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ မိတ်ဆွေအပေါင်းအသင်းများထံ သွားရောက်လည်ပတ်ခြင်း စသည်တို့ကို ပြုလုပ်သင့်ပါသည်။ သို့မဟုတ် စီဒီသီချင်းခွေ၊ ဗီဒီယို ရုပ်ရှင်အခွေအသစ်များကို ဝယ်ယူနားဆင် ကြည့်ရှုခြင်းဖြင့် မိမိကိုယ်ကို အားပေးချီးမြှင့်သင့်ပါသည်။ သို့မှသာလျှင် ရာသီ၏ အေးချမ်းသာယာမှုကို နှစ်နှစ်ခြိုက်ခြိုက် ခံစားနိုင်ကြမည်ဖြစ်ပြီး မိမိတို့၏ စားသောက်နေထိုင်မှုပုံစံကိုလည်း ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

**ကိုးကား**

"Stick to your diet." New Straits Times(16 Dec 2010)

# ဗိုလ်ချုပ်အောင်ဆန်းပုံတူပိုစတာ ရေဆေးပန်းချီပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၁**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပိုစတာ ရေဆေးပန်းချီပြိုင်ပွဲကို မန္တလေးမြို့ရှိ ဇာတိမာန်လူငယ်စာဖတ်အသင်းက ကြီးမှူး၍ ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲသို့ အသက် ၁၆ နှစ်အောက် ကလေးငယ်များပါဝင် ယှဉ်ပြိုင်နိုင်ပြီး ဖေဖော်ဝါရီ ၅ ရက် နောက်ဆုံးထားကာ မန္တလေး ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း၊ ၇၉ လမ်းနှင့် လမ်း ၈၀ ကြားရှိ ဥတ္တရလွင်ပြင်စာပေသို့ ပေးပို့ရမည်ဖြစ်ကြောင်း ၎င်းက ထပ်ဆင့်ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းပုံတူပိုစတာ ရေဆေးပန်းချီပြိုင်ပွဲတွင် A4 ဆိုက်ကို ဒေါင်လိုက်ရေးဆွဲရမည်ဖြစ်ပြီး ပန်းချီကားနောက်ကျောဘက်တွင် ရေးဆွဲသူအမည်၊ အသက်၊ ကျောင်း၊ နေရပ်လိပ်စာတို့ကို သီးခြားစာရွက်ပေါ်တွင် ရေးပြီး ကပ်ပေးရမည်ဖြစ်သည်။ ဆုရွေးချယ်ခြင်းကို မန္တလေးပန်းချီ၊ ပန်းပုအနုပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်အဖွဲ့က အမှတ်ပေးအကဲဖြတ်မည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ခု ရွေးချယ်မည်ဖြစ်သည်။

ပထမအဖြစ် ရွေးချယ်ခံရသော ပန်းချီကားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ဝေမည့်(၁၀၆) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ဇာတိမာန်ကလေးသတင်းစာတွင် မျက်နှာဖုံးအဖြစ် အသုံးပြုမည်ဖြစ်ပြီး ကျန်ဆုရပန်းချီကားများကို အတွင်းသရုပ်ဖော်များအဖြစ် အသုံးပြုမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၄၄၄၀၃၅၈၂၅ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ ၀၄၀

# ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာတွင် ရေပေါ်ဈေးသစ် ဆောက်လုပ်မည်

**ဝါးခယ်မ ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာဆိပ်ကမ်းတွင် ရေပေါ်ဈေးသစ်ကို ဆောက်လုပ်မည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်က ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေအောင် (မဲဆန္ဒနယ် အမှတ် ၁)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ကြွယ်နှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြောင်း သိရသည်။

အလျား ၁၀၈ ပေ၊ အနံ ၈၁ ပေ၊ ရေမျက်နှာပြင်မှ အမြင့်ရှစ်ပေ၊ အခင်းထုခြောက်လက်မ၊ သံကူကွန်ကရစ် (အမိုးမပါ) ရေပေါ်ဈေးသစ်ကို မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၉၉ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါ ရေပေါ်ဈေး တည်ဆောက်ပြီးစီးသွားပါက ခြောက်ပေပတ်လည် ဆိုင်ခန်းပေါင်း ၁၀၈ ခန်းပါဝင်ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

# ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး အသိပညာပေး

**ကွန်ဟိန်း ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့၌ ကိုဗစ် – ၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၁ ရက်က ကွန်ဟိန်းတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေအိမ်မှ ပြင်ပသို့ ထွက်ခွာသူများ၊ လမ်းသွားလမ်းလာပြည်သူများ၊ မော်တော်ယာဉ် /မော်တော်ဆိုင်ကယ် စီးနင်းသူနှင့် လိုက်ပါသူများ နှာခေါင်းစည်း မတပ်ဆင်ပါက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာခြင်းမပြုရန်၊ မကြာခဏ လက်ဆေးရန် အသိပညာပေးခြင်း၊ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်အဆင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ကုသရေး ကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည့်စန္ဒီမြင့်(ပြန်/ဆက်)**

# နာဂဒေသ လေရှီးမြို့ဝန်းကျင်မှ ချို့တဲ့သော ကျောင်းသားကျောင်းသူများအား လေရှီးဟိတရေ ပရဟိတက ပညာသင်ပေးမည်

**လေရှီးမြို့ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသ လေရှီးမြို့ ဝန်းကျင်မှ ကျောင်းတက် စာသင်ရန် မိဘက ထောက်ပံ့မပေးနိုင်သည့် ချို့တဲ့သော ကျောင်းသား ကျောင်းသူများအား လေရှီး ဟိတရေ ပရဟိတကျောင်း၌ လက်ခံ၍ ပညာသင်ကြားပေးသွားမည်ဖြစ်ကြောင်း အဆိုပါကျောင်းမှ တာဝန်ခံဆရာတော် ဦးတေဇောဘာသထံမှ သိရသည်။

"ရည်ရွယ်ချက်က ကျောင်းနေချင်ပေမယ့် မိဘက ထောက်ပံ့မပေးနိုင်တဲ့ အချို့ ကျောင်းသား ကျောင်းသူတွေကို လက်ခံမှာဖြစ်သလို လမ်းပန်းဆက်သွယ်ရေး ခက်ခဲလို့ အထက်တန်းပညာကို မသင်ကြားနိုင်ကြတဲ့သူတွေကို သင်ခွင့်ရအောင် ခေါ်ယူထားပြီး သင်ကြားပေးချင်တာပါ။ အခမဲ့ ပညာသင်ကြားပေးရာမှာ အစာပေး၊ နေရာပေး၊ ပညာပေး၊ ဓမ္မပေးဆိုတဲ့ ပေးလေးပေးနဲ့ လုပ်မယ်။ အထက်တန်းကျောင်းတက်ရင် အကြိုအပို့ စီစဉ်ပေးမှာဖြစ်ပါတယ်။ မနက်စာ၊ နေ့လယ်စာ၊ ညစာ ကျွေးမယ်"ဟု ဆရာတော်က မိန့်ကြားသည်။

စာသင်ကျောင်းများဖွင့်လျှင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ဦးရေ ၂၀ ကို စတင်လက်ခံသွားမည်ဖြစ်ပြီး စာသင်ပေးမည့် ကျောင်းဆရာနှင့် ဆရာမများကို သီးသန့် လခပေး၍ ခန့်သွားမည်ဖြစ်ကြောင်း သိရသည်။



ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးရန် ရည်ရွယ်တည်ဆောက်နေသည့် သစ်သား နှစ်ထပ်ကျောင်းဆောင်

လေရှီး ဟိတရေ ပရဟိတကျောင်းကို ပသုံးလုံး သာသနာပြု ဟိတရေဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသက ဦးစီးတည်ထောင်ထားခြင်းဖြစ်ပြီး လေရှီးမြို့ အောင်မင်္ဂလာရပ်ကွက်၌ ပြီးခဲ့သည့်နှစ် မတ်လအတွင်းက စတင်တည်ထောင်ကာ နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်ကိုလည်း တည်ဆောက်လျက်ရှိသည်။

"ပရဟိတကျောင်းဆိုတော့ အလှူရှင်တွေအားနဲ့ ရပ်တည်ရတာပါ။ ဒီကျောင်းမြေနေရာကိုလည်း ရပ်ကွက်ဒေသခံ အလှူရှင်က လှူထားတာပါ။ မြေနေရာက မြေပြန့်မဟုတ်တော့ မြေညှိတာတွေ လုပ်ခဲ့ရတယ်။ အလျား ၆၃ ပေ၊ အနံ ၁၂ ပေရှိတဲ့ သစ်သားနှစ်ထပ်ကျောင်းဆောင် တည်ဆောက်နေတယ်။ အပေါ်ထပ် ပြီးသွားပြီ။ အောက်ထပ်ကို ဆက်လုပ်နေတယ်။ ကျောင်းသူဆောင်၊ အာဟာရဆောင်နဲ့ မီးဖိုဆောင်တွေလည်း ဆက်လုပ်ဖို့ရှိသေးတယ်" ဟု ဆရာတော် ဦးတေဇောဘာသက ဆက်လက်မိန့်ကြားသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တောင်ပေါ်ဒေသဖြစ်သဖြင့် ကျောင်းဆောင်တည်ဆောက်ရေးတွင် အခက်အခဲများရှိသလို ဘိလပ်မြေ၊ အုတ်၊ သံထည်များ ဝယ်ယူရသည့် ဈေးနှုန်းမှာလည်း ပုံမှန်ထက် နှစ်ဆကြီးမြင့်ကာ သယ်ယူစရိတ်နှင့် တန်ဆာခများမှာလည်း ပုံမှန်ထက် ပိုမိုဈေးကြီးကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**
**ဓာတ်ပုံ - လေရှီး ဟိတရေ ပရဟိတ**

# ပခုက္ကူမြို့နယ်၌ တစ်နာရီ ဂါလန် ၂၀၀၀ ခန့်ထွက်သည့် ကျေးရွာစက်ရေတွင်းတူးဖော်ပေးလျက်ရှိ

**ပခုက္ကူ ဇန်နဝါရီ ၁၁**

ပခုက္ကူမြို့နယ် ချိုင်ကျေးရွာအုပ်စု ချောင်းခွကျေးရွာရှိ ဒေသခံ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် စက်ရေတွင်း တစ်တွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တူးဖော်ပေးလျက်ရှိရာ ယခုအခါ လုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်းနှင့် တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ခန့် ထွက်ရှိနေကြောင်း သိရသည်။



ချောင်းခွကျေးရွာ စက်ရေတွင်းတူးဖော်သည့် လုပ်ငန်းကို ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုငွေ ကျပ် ၂၁ ဒသမ ၁၅ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး အနက်ပေ ၅၀၀ ရှိ လေးလက်မ စက်ရေတွင်းဖြစ်ကြောင်း၊ ရေတွင်းတူးစက်ဖြင့် တူးဖော်ပေးမှု အခြေအနေများကို ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်ခင်ဇာဝင့်နှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး စံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

အဆိုပါ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်မှ လူဦးရေ ၆၀၀ ကျော်အတွက် သန့်ရှင်းသော သောက်သုံးရေများ လုံလောက်စွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ပြီး နွေရာသီကာလ ရေရှားပါးမှု အခက်အခဲမှလည်း ကင်းဝေးသွားစေမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**

# ကော့ကရိတ်မြို့နယ်၌ လူထုဗဟိုပြု စီမံကိန်းအရ စာသင်ကျောင်း ခန်းမဆောင်သစ် တည်ဆောက်

**ကော့ကရိတ် ဇန်နဝါရီ ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမ္ဘာ့ဘဏ်အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)အရ လောင်းကိုင်ကျေးရွာအုပ်စု ကော့ဖောင်းကျေးရွာ စာသင်ကျောင်း၌ ခန်းမဆောင်သစ် တစ်ဆောင်ကို လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေ ကျပ် ၃၈၇ သိန်းနှင့် ကျေးရွာလူထုလုပ်အားဖြင့် ဇန်နဝါရီ ၁၀ ရက်မှစ၍ တည်ဆောက်လျက်ရှိသည်။

အဆိုပါ စာသင်ကျောင်း ခန်းမဆောင်သည် အလျား ပေ ၃၀၊ အနံ ပေ ၆၀၊ အမြင့် ၁၃ ပေရှိပြီး တည်ဆောက်ရေး ဆောင်ရွက်နေမှုကို လူထုဗဟိုပြုစီမံကိန်းမှ လက်ထောက်နည်းပညာမှူး ဒေါ်နှင်းဝေသင်းနှင့် လူထုစည်းရုံးရေးမှူး ဒေါ်နန်းအိရွှေဇင်တို့က ကြီးကြပ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်နည်းပညာအကြံပေးအဖွဲ့တို့၏ စနစ်တကျ လမ်းညွှန်မှု၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ခန်းမဆောင်သစ်တည်ဆောက်မှုများ ရာနှုန်းပြည့် ပြီးစီးပါက ကော့ဖောင်းကျေးရွာမှ ကျောင်းသားကျောင်းသူများအတွက် ပညာရေးဆိုင်ရာ ဟောပြောပွဲ/ဆုပေးပွဲများ ကျင်းပရန် ခန်းမအဖြစ် အသုံးပြုနိုင်မည့်အပြင် ကျေးရွာ၏ လူမှုရေး၊ ဘာသာရေး၊ သာရေးနာရေးကိစ္စများအတွက် ခန်းမလိုအပ်ချက်ကိုလည်း အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျောက်တံခါးမြို့နယ်မှ ကျေးရွာမူလတန်းလွန်ကျောင်း၌ ကျောင်းဆောင်သစ်ဆောက်ရန် ပန္နက်တင်

**ကျောက်တံခါး ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းဆောင်အသစ်တည်ဆောက်ရန် ပန္နက်တင်ပွဲကို ဇန်နဝါရီ ၁၀ ရက်က ပြုလုပ်သည်။

ပန္နက်တင်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးတို့က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်လင်းထွန်းက ပညာရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ် တည်ဆောက်မည့် မြေနေရာ၌ အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိ တစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန် ပန္နက်တိုင်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ တာဝန်ယူ တည်ဆောက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်း အကျိုးတော်ဆောင်များ၊ ကျေးရွာလူကြီးများက စိုက်ထူပေးကြသည်။

အဆိုပါ ဇီးကုန်းကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူပေါင်း ၃၀၀ ကျော် ပညာသင်ကြားလျက်ရှိကာ ကျောင်းဆောင်အသစ်တစ်ခု ဆောက်လုပ်ရန် လိုအပ်လျက်ရှိသဖြင့် ပြည်ထောင်စုခွင့်ပြုငွေ ကျပ်သိန်း ၄၅၀ ဖြင့် ကျောင်းဆောင်သစ်ကို တည်ဆောက်ခြင်းဖြစ်ကာ တည်ဆောက်ခွင့်ရရှိသည့် ကုမ္ပဏီက လေးလအတွင်း ပြီးစီးအောင် တာဝန်ယူ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# ညောင်ရွှေမြို့နယ်မှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်

**ညောင်ရွှေ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် လင်လံမြောက်ကျေးရွာအုပ်စုအတွင်းမှ ဒေသခံ တောင်သူများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ပွဲကို ကုန်းခန့်ကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် ဦးသိန်းဇော်မိုး၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ခိုင်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးဇော်လွင်က ပုံစံ(၇)များ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက လင်လံမြောက်ကျေးရွာအုပ်စုရှိ ဦးပိုင်ပေါင်း ၂၀၀ အတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်သည်။

အလားတူ လင်လံတောင်ကျေးရွာအုပ်စု ထီရီးကျေးရွာ၌လည်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို တောင်သူများထံသို့ လက်ရောက်ပေးအပ်ခဲ့ရာ ဦးပိုင်ပေါင်း ၁၇၈ ခုအတွက် ပုံစံ(၇)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**



# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် အားကစားအထောက်အကူပြုပစ္စည်းများပေးအပ်

**ပုသိမ် ဇန်နဝါရီ ၁၁**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၇၃ သန်းဖြင့် ဝယ်ယူခဲ့သည့် အားကစားအထောက်အကူပြုပစ္စည်း ၁၇ မျိုးကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် မြို့များသို့ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ ကိုးသိန်း အားကစားပြိုင်ပွဲရုံ(၁)၌ ပြုလုပ်သည်။




အခမ်းအနားတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်က အားကစားအထောက်အကူပြုပစ္စည်းများ ခရိုင်နှင့် မြို့နယ်များသို့ ဖြန့်ဝေမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးတို့က တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် ခရိုင်တာဝန်ခံများထံသို့ အားကစားအထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ အားကစားအထောက်အကူပြုပစ္စည်းများမှာ ပိုက်ကျော်ခြင်း (ပေါ်တာကုတ်) ၃၃ ခု၊ ကြက်တောင် (ပေါ်တာကုတ်) ၃၃ ခု၊ ပိုက်ကျော်ခြင်း ၅၃ တိုင်၊ ဘော်လီဘော (တိုင်) ၅၃တိုင်၊ ပိုက်ကျော်ခြင်း(ပိုက်) ၅၃ ခု၊ ကြက်တောင် (ပိုက်)၃၃ ခု၊ ဘော်လီဘော (ပိုက်) ၅၃ ခု၊ ကန်ဘောလုံး ၅၇၀၊ ဘော်လီဘော ဘောလုံး ၅၄၀၊ ပိုက်ကျော်ခြင်းလုံး ၅၇၀၊ ကြက် တောင်ရိုက်တံ ၆၆ ခု၊ ကြက်တောင်ဘူး ၆၆ ခု၊ လက်ဝှေ့အိတ် (လေ့ကျင့်အိတ်) ၁၀ ခု၊ လက်ဝှေ့အိတ် (ပြိုင်ပွဲအိတ်) ၁၀ ခု၊ လက်ဝှေ့လက်ပတ် ၁၀ ခု၊ လက်ဝှေ့ခေါင်းကာ ခြောက်ခုနှင့် ပြိုင်စက်ဘီးလေးစီး တို့ဖြစ်ပြီး တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်နှင့် မြို့များသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန် /ဆက် )**

# မြောင်းမြမြို့ဘုရားချောင်းတံတား ကြမ်းခင်းအသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြရတနာရပ်ကွက် ဘုရားချောင်းတံတား ကြမ်းခင်းအသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို မြောင်းမြမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇာနည်တင့်၊ အတွင်းရေးမှူး စည်ပင်အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် အလှူရှင် ဦးဝင်းဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် စည်ပင်သာယာကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

အဆိုပါတံတားသည် အလျား ၈၅ ပေ၊အကျယ် ၁၄ပေရှိ သစ်သားကြမ်းခင်း၊ အာစီတိုင်တံတားဖြစ်ပြီး ယခုအခါ မြောင်းမြမြို့မှ အလှူရှင်ဦးဝင်းဇင် (သစ်လွင်မိသားစု)၏ လှူဒါန်းမှုဖြင့် သံပေါင်အခင်းခင်းခြင်း၊ လက်ရန်းများ တပ်ဆင်ခြင်း၊ သံပေါင်ရက်မ ထပ်မံဖြည့်သွင်းခြင်း၊ ချဉ်းကပ်လမ်းကွန်ကရစ်ခင်းခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားပြုပြင်ခြင်းကာလကို ဒီဇင်ဘာ ၁၈ ရက်မှ ဇန်နဝါရီ ၂၀ ရက်အထိ သတ်မှတ်ထားသော်လည်း အလှူရှင်နှင့်လုပ်အားရှင်တို့၏ စေတနာကြောင့် သတ်မှတ်ရက်ထက်စောကာ ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်ကြောင်း စည်ပင်အမှုဆောင်အရာရှိထံမှ သိရသည်။

**စန္ဒာကြည်(မြောင်းမြ)**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**


## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါပိတ်သိမ်းမည့်ရက် ပြင်ဆင်တိုးမြှင့်ခြင်း

၁။ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ Small Scale and Project Based အခြေခံပညာသင်ရိုးသစ် သင်ထောက်ကူပစ္စည်းများ ဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် (၂၆-၁၂-၂၀၂၀)ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ (၂၇-၁၂-၂၀၂၀)ရက်နေ့တွင် ကြေးမုံသတင်းစာတွင်လည်းကောင်း ကြော်ငြာခဲ့ ပါသည်။

၂။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာထားသည့် အိတ်ဖွင့်တင်ဒါ ပိတ်သိမ်းမည့်ရက် (၂၆-၁-၂၀၂၁) ရက်အစား (၁၅-၂-၂၀၂၁) ရက်အဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း ၂၇ မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ စတင်ရောင်းချမည့်ရက်မှာ ၁၂-၁-၂၀၂၁ ရက်နေ့မှ ၁၀-၂-၂၀၂၁ ရက်နေ့အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက်မှာ ၁၀-၂-၂၀၂၁ ရက်နေ့ ၁၂:၀၀ နာရီဖြစ်ပြီး အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား ၁၁-၂-၂၀၂၁ ရက်နေ့ ၁၀:၀၀ အချိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၊ နေပြည်တော်၊ ရုံးအမှတ်(၈) တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများ တစ်စောင်လျှင် ၁၀၀၀၀/-ကျပ်(တစ်သောင်းကျပ်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဝတ်ပစ္စည်းအရောင်းဆိုင်၊ နေပြည်တော်၊ ရုံးအမှတ် (၈)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီ တစ်ခုလျှင် ကိုယ်စားလှယ်နှစ်ဦးသာ လာရောက်ပါရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၁၄၈၊ ၀၆၇-၃၄၁၂၆၀၄ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မောင်အောင်ကျော်ထွန်းနှင့်အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ ပေါက်ချောင်း(၂)ရပ်သာရပ်နေ မလင်းထက်အောင်မြင့်(ခ) လင်းလင်း (ဘ)ဦးသန်းလွင် ၉/မထလ(နိုင်)၃၉၁၂၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

